
http://www.dhammadownload.c

# ရှင်ဘုရင်


သာမဏေကျော်



သာမဏေကျော်စာပေ
သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်၊
(လှော်ကားဥယျာဉ်အနီး) မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း ၀၉-၇၃၀၈၂၃၆၉၊ ၀၉-၇၃၂၄၉၉၅၃



http://www.dhammadownload.com



**သာမဏေကျော်တာဝေ**
သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)မှော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း။
ဖုန်း ၀၁-၇၀၉၆၈၀၊ ၀၉-၇၃၀၈၂၃၆၉

**ဓမ္မဒါနအလှူရှင်**

- - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - -

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


အဖုံးနှင့် ● အောင်သုခ

အတွင်း ပုံနှိပ်၊ စာအုပ်ချုပ်၊
Riso၊ မိတ္တူနှင့်
စက္ကူရောင်းဝယ်ရေးလုပ်ငန်း။

အုပ်ရေ ● ၂၀၀၀

တန်ဖိုး ● ၃၅၀ ကျပ်

ထုတ်ဝေသူ ● ဒေါ်မြမြဟန် (ယာယီ၁၉၉၁)
သာမဏေကျော်စာပေ



ဖြန့်ချိရေး

သာမဏေကျော်စာပေ
သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)မှော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း။ ဖုန်း ၀၁ - ၇၀၉၆၈၀၊ ၀၉ - ၇၃၀၈၂၃၆၉

http://www.dhammadownload.com

# ရှင်ဘုရင်

• • • • • • • • • • • • • • • • • • • • • •

သာမဏေကျော်

http://www.dhammadownload.com

## အလယ်အလတ်

နူးညံ့ (ပျော့) တဲ့ ရှင်ဘုရင်ဟာ တိုင်းသားပြည်သူတွေရဲ့ လွှမ်းမိုးခံရတယ်၊ အထင်သေးခံရတယ်။ အဲဒီ ပျော့တဲ့ ရှင်ဘုရင်ဟာ တိုင်းပြည်ကို သူခိုးမရှိအောင် မလုပ်နိုင်။

ထက်လွန်းတဲ့ ရှင်ဘုရင်မှာ တိုင်းသူပြည်သားအားလုံးက ရန်သူတွေ ဖြစ်ကုန်တတ်တယ်၊အဲဒီအခြေအနေ (၂) ရပ်ကို သိနားလည်ပြီး မနုလွန်း၊ မထက်လွန်းဘဲ အလယ်အလတ် အနေအထားနဲ့ ရှင်ဘုရင်ဟာ နိုင်ငံကို အုပ်ချုပ်ရတယ်။

(ဇာတ်၊ ၌၊ ၄၊ ၁၉၄)

## နုလွန်း ထက်လွန်းရင်

နူးညံ့လွန်း၊ ထက်လွန်းတဲ့ ရှင်ဘုရင်ဟာ မဖြစ်ပေါ်လာသေးတဲ့ စည်းစိမ်ဥစ္စာတွေကို ဖြစ်ပေါ်စေပြီး ဖြစ်ပေါ်ပြီးပစ္စည်းဥစ္စာတွေကို ခိုင်မြဲအောင် ပြုလုပ်ကာ မိမိကိုယ်ကို ကြီးကျယ်မြင့်မြတ်တဲ့ ရာထူးမှာ တည်အောင်မလုပ်နိုင်။

(ဇာတ်၊ ၌၊ ၄၊ ၁၉၃-၄)

http://www.dhammadownload.com



## သူများ အပြောနဲ့

ရှင်ဘုရင်ဟာ သူတစ်ပါးရဲ့ အပြစ်ကြီး ငယ်အားလုံးကို သူတစ်ပါးရဲ့စကားကို ယူကာ ကိုယ်တိုင် မမြင်၊မတွေ့ရဘဲ ဒဏ်မတပ်ရ။ (ဇာတ်၊ ၌၊ ၄၊ ၁၉၂)

## မျက်ကန်းလို

ရှင်ဘုရင်ဟာ ကိုယ်တိုင် မမြင်၊ မတွေ့ရဘဲ ဒဏ်တပ်ရင် ဆူးပါတဲ့ စားဖွယ်ကို မျိုသူ မည်တယ်။ မွေးရာပါ မျက်စိကန်းသူလို ယင်ကောင်ပါတဲ့ စားဖွယ်ကိုစားသူလည်း မည်တယ်။

(ဇာတ်၊ ၌၊ ၄၊ ၁၉၂)

## ကြိုက်ရာသာ လုပ်ရင်

ဒဏ်မတပ်ထိုက်သူကို ဒဏ်တပ်ပြီး ဒဏ်တပ်ထိုက်သူကိုတော့ ဒဏ်မတပ်ဘဲ ကိုယ်ကြိုက်ရာကိုသာ လုပ်တဲ့ ရှင်ဘုရင်ဟာ မျက်စိကန်းသူလိုပဲ လမ်းမှားကို လျှောက်လှမ်းတယ်။ လမ်းမှန်၊ လမ်းမှားကို မသိ။ ဒါကြောင့် ကျောက်ခဲ စသည်တွေအပေါ် ချော်လဲတဲ့ မျက်စိကန်းပမာ အပါယ်လေးပါးမှာ အကြီးအကျယ် ဒုက္ခရောက်ရတယ်။

(ဇာတ်၊ ၌၊ ၄၊ ၁၉၃)

http://www.dhammadownload.com



## ကောင်းကောင်း ရှုမြင်ပြီးမှ

ရှင်ဘုရင်ဟာ ဒဏ်တပ်ထိုက်တဲ့အကြောင်း၊ ဒဏ်မတပ်ထိုက်တဲ့ အကြောင်းတွေကိုရော ဒဏ်တပ်ထိုက်တဲ့ အကြောင်းတွေထဲမှာလည်း အပြစ် အကြီး အသေး အားလုံးကိုပါ ကောင်းကောင်းရှုမြင်ပြီးမှ အဆုံးအဖြတ်ကို ပေးသင့်တယ်။ (ဇာတ်၊ ၄၊ ၄၊ ၁၉၃)

## ဆင်ခြင်ပါဦး

ရှင်ဘုရင်ဆိုတာ စူစမ်းဆင်ခြင်ပြီးမှ လုပ်သင့်တယ်။ (ဇာတ်၊ ၄၊ ၄၊ ၁၉၂)

## စည်းရုံးရတယ်

ရှင်ဘုရင်ဆိုတာ ကြံကြိတ်စက်နဲ့ ကြံကိုကြိတ်သလို တိုင်းပြည်ကို မနှိပ်စက်ရ။ ချစ်လို့၊ မုန်းလို့၊ မသိလို့၊ ကြောက်လို့ မလိုက်သင့်နောက်တာ မလိုက်ရ။ (မလုပ်သင့်တာကို မလုပ်ရ) ပေးကမ်းရက်ရောမှု၊ အပြောချိုသာမှု၊ သူ့အကျိုးကို ဆောင်ရွက်ပေးမှု၊ ကိုယ်နဲ့တန်းတူထားမှုဆိုတဲ့ စည်းရုံးရေးစွမ်းရည် (၄) မျိုးနဲ့ စည်းရုံးရတယ်။ မင်းကျင့်တရား (၁၀) ပါးမှာ ရပ်တည်ရတယ်။

(ဇာတ်၊ ၄၊ ၃၊ ၃၅၃)

http://www.dhammadownload.com



## ချမ်းသာကိုသာ ရှာရတယ်

ရှင်ဘုရင်ဆိုတာ သူ့အသက်ကိုစွန့်ပြီး 'ဒီတိုင်းသူပြည်သားတွေမှာ ဘယ်လိုလုပ်ရင် ဘေးရန်ကင်းကြမလဲ၊ နွေအခါမှာ တံခါးဖွင့်ပြီး ဆွေမျိုးတွေ၊ အခြံအရံတွေ ဝိုင်းရံနေကြမလဲ၊ သားသမီးတွေကိုရင်မှာထားကာ ကစေကြမလဲ၊ လေအေးတွေ တိုက်ခတ်ခံကြရမလဲ၊ စိတ်တိုင်းကျ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာကို သုံးဆောင်ကာ ကိုယ် စိတ် ချမ်းသာစွာနဲ့ နေနိုင်ကြမလဲ' လို့ တွေးကာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွေရဲ့ ချမ်းသာကိုသာ ရှာမှီးရတယ်။

(ဇာတ်၊ ဋ္ဌ၊ ၄၊ ၃၅၃)

## ဒေါသထွက်လာရင်

ရှင်ဘုရင်ဆိုတာ 'ငါဟာ ဒေါသ အပြင်းအထန် ထွက်နေတယ်၊ အားကြီးတဲ့ ဒေါသရဲ့ အလွှမ်းမိုးခံနေရတယ်' လို့သိပြီး သူတစ်ပါးအပေါ် ဒဏ်မတပ်ရ၊ အကြောင်းကတော့ စိတ်ဆိုးလာရင် အကြောင်းမရှိဘဲ ကိုယ့်ရှင်ဘုရင်အဖြစ်နဲ့ မသင့်တော်တာကို ပြုလုပ်ကာ သူတစ်ပါးအပေါ် ပြင်းပြင်းထန်ထန် ဒုက္ခအကြီးအကျယ် ရောက်စေတဲ့ စကားတွေကို ပြောမိတတ်လို့ပါပဲ။

(ဇာတ်၊ ဋ္ဌ၊ ၃၊ ၃၅၃)

http://www.dhammadownload.com



## စိတ်ကြည်လင်တဲ့အခါမှ

ရှင်ဘုရင်ဟာ သူတစ်ပါးအပေါ် ဒေါသမထွက်ဘဲ စိတ်ကြည်လင်နေတာကို သိရတဲ့အခါမှ သူတစ်ပါးရဲ့လုပ်ရပ်အမှားကို ဝေဖန်စဉ်းစားရတယ်၊ အဲဒီလို ဝေဖန်စဉ်းစားရင် 'ဒီကိစ္စမှာ ဒါက ကောင်းကျိုးပဲ၊ ဒါက သူရဲ့အပြစ်ပဲ' လို့ ကိုယ်တိုင်မျက်မှောက် သိမြင်ပြီး အပြစ်ကျူးလွန်သူရဲ့ အပြစ်အားလျော်စွာ ဒဏ်ပေးနိုင်တယ်။

(ဇာတ်၊ ဋ္ဌ၊ ၃၊ ၄၂၀)

## ပူလောင်စေတယ်

အချစ်၊ အမုန်း၊ အအ၊ အကြောက်တွေကြောင့် တွေဝေနေလို့ လမ်းမှန်၊ လမ်းမှားကို မစဉ်းစား၊ မဝေဖန်နိုင်တဲ့ ရှင်ဘုရင်ဟာ အကြောင်းမဲ့သက်သက် ဒဏ်တပ်ကာ ဒဏ်နဲ့ သူတစ်ပါးကို ပူလောင်စေတယ်၊ နှိပ်စက်တယ်၊ ကိုယ့်ကိုယ်ကို အဲဒီဒဏ်တပ်တဲ့ မကောင်းမှုနဲ့ ပူလောင်စေတယ်၊ နှိပ်စက်တယ်။

(ဇာတ်၊ ဋ္ဌ၊ ၃၊ ၄၂၀)

## ကျက်သရေရှင်

ဒီသတ္တလောကမှာ အပြစ်အားလျော်စွာ ဒဏ်တပ်တဲ့

http://www.dhammadownload.com



ရှင်ဘုရင်ဟာ ဂုဏ်အားဖြင့်ရော အခြေအရံအား ဖြင့်ပါ စောင့်ရှောက်ထားသူ ဖြစ်တယ်။ ကျက်သရေမှ မယုတ်လျော့။ (ဇာတ်၊ ၌၊ ၃၊ ၄၂၀)

## နာမည်ပျက်ကာ

မစူးစမ်း၊ မဆင်ခြင်ဘဲ တွေဝေကာ အဆောတလျင် ဒဏ်တပ်တတ်တဲ့ ရှင်ဘုရင်တွေဟာ နာမည်ပျက်ကာ ဘဝနိဂုံးချုပ်ကြရတယ်။ နိဂုံးချုပ်ပြီးတော့လည်း ဘဝဆိုးကို ရောက်ကြရတယ်။

(ဇာတ်၊ ၌၊ ၃၊ ၄၁၉)

## တရားရှင်

တရားရှင် ရှင်ဘုရင်တွေ ချမှတ်သွားတဲ့ မင်းကျင့် တရား ၁၀ ပါးမှာ ပျော်မွေ့ကြတဲ့ ရှင်ဘုရင်တွေဟာ ကိုယ်၊ နှုတ်၊ စိတ်ထားအားဖြင့် အတုမရှိ မြင့်မြတ်ကြတယ်။ အဂတိ ကင်းငြိမ်းကြတယ်။ အကျင့်သီလ ကောင်းကြတယ်၊ တည်ကြည်ကြတယ်။ တရားနဲ့အညီ အုပ်ချုပ်ကြတဲ့ အဲဒီ ရှင်ဘုရင်တွေဟာ လူ့ပြည်က နတ်ပြည်ကို၊ နတ်ပြည်က လူ့ပြည်ကို ရောက်ရှိကြတယ်။ အပါယ်ကို မရောက်ကြ။

(ဇာတ်၊ ၌၊ ၃၊ ၄၂၀)

http://www.dhammadownload.com



## ဉာဏ်ပညာနဲ့

တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ဆိုတာ ဉာဏ်ပညာနဲ့ စူးစမ်းဆင်ခြင်ပြီးမှ အလုပ်ကို လုပ်သင့်ပါတယ်။

(ဇာတ်၊ ၄၊ ၃၊ ၉၆)

## နှစ်ဖက်လုံးရဲ့စကား

အို ဘုရင်မင်းမြတ်၊ လူတစ်ယောက်ဟာ သူကိုယ်တိုင်ပဲ သူ့ကိုယ်ကို ရိုက်ပုတ်ပြီး 'သူတစ်ပါးက ရိုက်ပုတ်ပါတယ်' လို့ ပြောတတ်ပါတယ်။ သူကိုယ်တိုင် သူတစ်ပါးကို အောင်နိုင်ပြီး 'သူတစ်ပါးက ငါ့ကို အောင်နိုင်သွားတယ်' လို့ ပြောတတ်ပါတယ်။ အရင်ပြောလာသူရဲ့ စကားကို တစ်ထစ်ချ မယုံရပါ။

ဒါကြောင့် ပညာရှိတဲ့ ရှင်ဘုရင်ဟာ နောက်လူရဲ့ စကားကိုလည်း နားထောင်ရပါသေးတယ်၊ နှစ်ယောက်စလုံးရဲ့စကားကို နားထောင်ပြီးမှ တရားနည်းလမ်းနဲ့အညီ ဆုံးဖြတ်ရပါတယ်။

(ဘုရားလောင်း ပညာရှိအမတ်ရဲ့ ပြောစကား)

(ဇာတ်၊ ၄၊ ၃၊ ၉၆)

http://www.dhammadownload.com



## မကောင်းပါ

ကာမဂုဏ်အာရုံတွေကို ခံစားတဲ့ လူဝတ်ကြောင် ဆိုတာ ပျင်းရိရင် မကောင်းပါ။ ရှင်၊ ရဟန်းဆိုတာ ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်စည်းမှု မရှိရင် မကောင်းပါ၊ ရှင်ဘုရင် ဆိုတာ မစူးစမ်း၊ မဆင်ခြင်ဘဲ လုပ်ရင် မကောင်းပါ။ ပညာရှိဆိုတာ အမျက်ထွက်ရင် မကောင်းပါ။

(ဇာတ်၊ ၄၊ ၃၊ ၉၇)

## အခြွေအရံ အကျော်အစော

ရှင်ဘုရင်ဖြစ်သူဟာ စူးစမ်းဆင်ခြင်ပြီးမှ လုပ်ရတယ်၊ မစူးစမ်း၊ မဆင်ခြင်ဘဲမလုပ်ရ။ စူးစမ်းဆင်ခြင် ပြီးမှ ပြုလုပ်ရင် အခြွေအရံလည်း တိုးပွားတယ်၊ ကျော်စော သတင်းလည်း တိုးပွားတယ်။

(ဇာတ်၊ ၄၊ ၃၊ ၉၇)

## လျှောကျသွားရင်

အစိုးရသူတွေဆိုတာ အစိုးရမှု လျှောကျသွားရင် အကြီးအကျယ် ဆင်းရဲဒုက္ခ ဖြစ်ရတယ်။

(ဇာတ်၊ ၄၊ ၄၊ ၃၁၀)

http://www.dhammadownload.com



## မိဘသဖွယ်

အို. . . ကောသလမင်းကြီး၊ရှင်ဘုရင်ဆိုတာရှင်ဘုရင်ရဲ့ကိစ္စတွေမှာ မမေ့မလျော့သူ ဖြစ်ရတယ်။ တိုင်းသားပြည်သူတွေရဲ့ မိဘသဖွယ် ဖြစ်ရတယ်။ အဂတိမလိုက်ရဘူး။ မင်းကျင့်တရား (၁၀)ပါး မပျက်စီးစေဘဲ တိုင်းပြည်ကို အုပ်ချုပ်သင့်တယ်။ မှန်တယ်၊ ရှင်ဘုရင်တရားရှိရင် ရှင်ဘုရင်ရဲ့ နောက်လိုက်ပရိသတ်တွေလည်းတရားရှိကြတယ်။ (ဘုရားရှင် မိန့်ခဲ့တဲ့ စကား)

(ဇာတ်၊ ၌၊ ၄၊ ၁၇၇)

## လိမ်ညာရင် ဩဇာ မရှိ

လိမ်ညာပြောတဲ့ ရှင်ဘုရင်ရဲ့ တိုင်းနိုင်ငံဟာ ဩဇာမရှိပါ။ မြေကြီးက ဩဇာဟာ အလုပ်လုပ်ရာနေရာက ၇ တောင်လောက် အောက်ကို လျှောကျတယ်။ အဲဒီကနောက်စားဖွယ်အာဟာရမှာရော ဆီ၊ ပျားရည်၊ တင်လဲစတဲ့ ဆေးတွေမှာပါ ဩဇာ မရှိတော့ပါ။ အဆီဩဇာ မပါတဲ့ စားဖွယ်တွေကို စားရတဲ့လူတွေမှာ အနာရောဂါများတယ်။ တိုင်းနိုင်ငံက ကုန်းလမ်း၊ ရေလမ်းတွေမှာ အခွန်မရ၊ မရတော့ ရှင်ဘုရင်တွေမှာ ဆင်းရဲမွဲတေကြတယ်။ ဆင်းရဲတဲ့ ရှင်ဘုရင်တွေက အောက်လက်ငယ်သားတွေကို မချီးမြှောက်နိုင်ကြ။

http://www.dhammadownload.com



ချီးမြှောက်မခံရတဲ့ အောက်လက်ငယ်သားတွေက ရှင်ဘုရင်ကို လေးစားတဲ့ စိတ်နဲ့ မကြည့်ရှုကြတော့။

ဒီလိုပဲ လိမ်ညာပြောတယ်ဆိုတာ သြဇာမရှိ ဖြစ်ရတယ်။ လိမ်ညာပြောမှုကို အသက်သာ အသေခံရမယ်၊ မပြောရဘူး။ 'အမှန်ပြောတာကတော့ အရသာတွေထဲမှာ အချိုမြိန်ဆုံးပဲ' လို့ ခံယူထားရတယ်။

လိမ်ညာပြောတယ်ဆိုတာဟာ ဂုဏ်ကို ဖျက်ဆီးတတ်တယ်။ ပျက်စီးခြင်းအဆုံးရှိတယ်၊ နောက်ဘဝမှာ အဝီစိငရဲ ရောက်ရတယ်။

ဒါကြောင့် ရှင်ဘုရင်ဆိုတာ လိမ်ညာပြောတာကို ပထမဆုံးပဲ တားမြစ်ရတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၈)

## ရှင်ဘုရင်နဲ့ ဒေါသ

ရှင်ဘုရင်ဆိုတာ လိမ်ညာပြောတာကို တားမြစ်ရုံမက အမျက်ဒေါသကိုလည်း တားမြစ်ရတယ်။ ဟုတ်တယ်၊ အခြားလူတွေရဲ့ ဒေါသက မြန်မြန်အထွတ်အထိပ်ကို မရောက်၊ ရှင်ဘုရင်တွေရဲ့ ဒေါသကတော့ မြန်မြန် အထွတ်အထိပ်ကို ရောက်တတ်တယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၈)

http://www.dhammadownload.com



## စကားလက်နက်

ရှင်ဘုရင်တွေဆိုတာ စကားလက်နက် ရှိကြတာမို့ စိတ်ဆိုးပြီး ကြည့်လိုက်ရုံလေးနဲ့ သူတစ်ပါးကို ပျက်စီးစေနိုင်ကြတယ်။ ဒါကြောင့် ရှင်ဘုရင်ဆိုတာ အခြားလူတွေထက် အလွန်အကဲ ပိုလွန်ပြီး ဒေါသမရှိသူ ဖြစ်ရတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၈)

## ရင်ဝယ် သားချစ်လို

ရှင်ဘုရင်ဆိုတာ သည်းခံမှုခန္တီ၊ ချစ်ခင်မှု မေတ္တာ၊ ကြင်နာမှု ကရုဏာနဲ့ ပြည့်စုံပြီး ကိုယ့်ရဲ့ချစ်လှစွာသော သားလေးလို တိုင်းသူပြည်သားတွေကို ကြည့်ရှုသူ ဖြစ်ရတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၈)

## အခြေအရံ

အလွန်ဒေါသကြီးတဲ့ ရှင်ဘုရင်ဆိုတာ ဖြစ်ပေါ်ပြီးတဲ့ အခြေအရံကို စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်ပါ။

(ဇာတ်၊ ၄၊ ၅၊ ၁၁၈)

## ပညာရှိတို့အဆို

ရှင်ဘုရင်ဆိုတာ လိမ်ညာပြောမှုနဲ့ အမျက်ဒေါသကို

http://www.dhammadownload.com



တားမြစ်ရရုံမက ပြက်ရယ်ပြောင်လှောင်မှုကိုလည်း တားမြစ်ရတယ်။ အဲဒီ ၃ မျိုးကို တားမြစ်ပြီး တိုင်းသူပြည်သားတွေအတွက် လုပ်ရမယ့်ကိစ္စတွေကို ဆောင်ရွက်ရပါတယ်။ အဲဒါဟာ ရှင်ဘုရင် လိုက်နာရမယ့် ကျင့်ဝတ်ပဲလို့ ရှေးပညာရှိတွေက ဆိုကြပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၇)

## လျှပ်ပေါ်

ရှင်ဘုရင်ဆိုတာ ဟိုကိစ္စ၊ ဒီကိစ္စတွေမှာ လျှပ်ပေါ်တဲ့စိတ်ထားနဲ့ ပြက်ရယ်ပြောင်လှောင်လေ့ရှိသူ မဖြစ်ရပါ။

(ဇာတ်၊ ၄၊ ၅၊ ၁၁၉)

## ပုံမယုံဘဲ

ရှင်ဘုရင်ဆိုတာ သူတစ်ပါးကို ပုံမယုံဘဲ ကိစ္စအားလုံးကို ကိုယ်မျက်မှောက်အနေနဲ့သာ ပြုလုပ်ထိုက်ပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၉)

## ဖျက်ဆီးပစ်တတ်တယ်

ပေါ့ပေါ့လုပ်တတ်တဲ့ စိတ်ထားရှိတဲ့ ရှင်ဘုရင်ဟာ ဉာဏ်ပညာနဲ့ မချင့်ချိန်၊ မနှိုင်းချိန်ဘဲ အလုပ်တွေကို လုပ်

http://www.dhammadownload.com



ရင် ရရှိထားတဲ့ အခြေအရံကို ဖျက်ဆီးပစ်တတ်ပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၉)

## တရား ၃ ပါး

ရှင်ဘုရင်ဆိုတာ မလိမ်ညာမှု၊ အမျက်မထွက်မှု၊ ပြက်ရယ်ပြောင်လှောင်မပြုမှုဆိုတဲ့ တရား ၃ ပါးမှာ ရပ်တည်ပြီး တရားနဲ့အညီ နိုင်ငံတော်ကို အုပ်ချုပ်ရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၇)

## အလုပ်

ရှင်ဘုရင်ဟာ ရာဂ၊ ဒေါသကြောင့် နောင်အခါမှာ ပူပန်မှုဖြစ်စေတဲ့ အလုပ်ကို လုပ်မိခဲ့ရင် အဲဒီအလုပ်ကို နောင်တစ်ဖန် ပြန်မလုပ်ရပါ။

(ဇာတ်၊ ၄၊ ၅၊ ၁၁၇)

## ဆင်းရဲ

မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆရှိတဲ့ ရှင်ဘုရင်ရဲ့ တိုင်းနိုင်ငံမှာ စည်းစိမ်ဥစ္စာအားလုံးတွေဟာ ပျက်စီးကုန်ကြတယ်။ အဲဒါဟာ ရှင်ဘုရင်ရဲ့ ဆင်းရဲပဲလို့ ရှေးပညာရှိတွေက ဆိုကြပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၇)

http://www.dhammadownload.com



## မွေ့လျော်ရာ

ကျက်သရေဆိုတာ ထကြွလုံ့လ ဝီရိယရှိပြီး သူတစ်ပါးတွေရဲ့ ပြည့်စုံမှုကို မြင်ရတဲ့အခါ မငြူစူသူသန္တာန်မှာ မွေ့လျော်ပါတယ်။

အသရေမဲ့မှုဟာ သူတစ်ပါးပြည့်စုံမှုကို ငြူစူပြီး စိတ်ကောင်းမရှိသူ၊ ကောင်းတာကို မလုပ်သူသန္တာန်မှာ မွေ့လျော်ပါတယ်။

ရှင်ဘုရင်ဟာ တိုင်းသူပြည်သား အားလုံးအပေါ် စိတ်ကောင်းထားရှိရပါတယ်။ အကျိုးလိုတဲ့စိတ် ရှိရပါတယ်။ တိုင်းသူပြည်သားအားလုံးကို စောင့်ရှောက်ရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၇)

## ကျက်သရေ တည်ရာ

ရှင်ဘုရင်ဟာ ကျက်သရေမဲ့တာကို ဖယ်ထုတ်ရပါတယ်။ ကျက်သရေရဲ့ တည်မှီရာ ဖြစ်ရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၇)

## အရင်းနဲ့အဖျား

ပညာ၊ ဝီရိယနဲ့ ပြည့်စုံပြီး စိတ်ထားမြင့်မြတ်တဲ့

http://www.dhammadownload.com



ရှင်ဘုရင်ဟာ ရန်သူတွေရဲ့ အရင်းအမြစ် (ခိုးသူ) ကိုရော အဖျားကိုပါ ဖြတ်တောက်ပါတယ်။

(ဇာတ်၊ ၌၊ ၅၊ ၁၁၇)

## ရှင်ဘုရင်နဲ့ နတ်

ကုသိုလ်မှာ မွေ့လျော်တဲ့ ရှင်ဘုရင်တွေက ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်ပြီး နတ်တွေအား ကုသိုလ်ဝေစုကို မျှဝေကြတယ်။ အဲဒီနတ်တွေက အဲဒီ ကုသိုလ်ဝေစုကို ဝမ်းမြောက်ဝမ်းသာ ခံယူပြီး နတ်အခြွေအရံနဲ့ တိုးပွားကြတယ်။ အဲဒီလို ဝီရိယရှိတဲ့ မမေ့မလျော့တဲ့ ရှင်ဘုရင်အား တရားနဲ့အညီ အစောင့်အရှောက်ကို နတ်တွေက စီမံပေးကြတယ်။ (ဇာတ်၊ ၌၊ ၅၊ ၁၂၀)

## မပျင်းမရိ

ရှင်ဘုရင်ဟာ မမေ့မလျော့ဘဲ အမျက်မထွက်ဘဲ တိုင်းနိုင်ငံကိစ္စတွေကို ပြုလုပ်ရပါတယ်။ တိုင်းနိုင်ငံကိစ္စတွေမှာ နှိုင်းချိန်မှု၊ စူးစမ်းမှု၊ မျက်မှောက် ကိုယ်တွေ့ဖြစ်မှုတွေနဲ့ ကြိုးစားရပါတယ်။ မပျင်းမရိ၊ လုံ့လရှိရင် ချမ်းသာကို ရရှိပါတယ်။

(ဇာတ်၊ ၌၊ ၅၊ ၁၁၈)

http://www.dhammadownload.com



## မိတ်ဆွေနဲ့ ရန်သူ

အထက်မှာ ဖော်ပြခဲ့တဲ့ ရှင်ဘုရင့်ကျင့်ဝတ်တွေကို ကျင့်သုံးတဲ့ ရှင်ဘုရင်ဟာ ကိုယ့်မိတ်ဆွေတွေကို ချမ်းသာအောင် လုပ်ပေးနိုင်ပါတယ်။ ရန်သူတွေကို ဆင်းရဲအောင် လုပ်နိုင်ပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၁၈)

## လဆန်း လ

အရင်က မရသေးတဲ့ ပစ္စည်းဥစ္စာကို ရလာမှု၊ ရပြီး ပစ္စည်းကို စောင့်ရှောက်မှု၊ ဒီ ၂ ခုမှာ စီးပွားချမ်းသာဟာ တည်ရှိတယ်။ မရသေးတဲ့ ပစ္စည်းကို ရအောင်လုပ်ရတာက ဝန်မလေးဘူး၊ ရပြီးပစ္စည်းကို စောင့်ရှောက်ရတာကသာ ဝန်လေးတယ်။

လာဘ်, ပူဇော်သက္ကာရကို ဖြစ်စေပြီး မမေ့မလျော့ဘဲ ကောင်းမှုကိုပြုတဲ့ ရှင်ဘုရင်မှာ လဆန်းပိုင်းက လလို တိုးပွားတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၃)

## ပညာရှိအမတ်တွေ

ရှင်ဘုရင်ဟာ ကိစ္စတွေမှာ ကျွမ်းကျင်တဲ့၊ အလောင်း

http://www.dhammadownload.com



အစားကင်းတဲ့၊ မကောက်ကျစ်တဲ့၊ သေသောက်ကြူးခြင်း စသည် ကင်းတဲ့၊ ရှင်ဘုရင့်ဘဏ္ဍာတွေကို မဖျက်ဆီးတဲ့ ပညာရှိအမတ်တွေကို သိရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၂)

## ရထားထိန်းလို

ရှင်ဘုရင့်ဘဏ္ဍာတွေကို စောင့်ရှောက်နိုင်သူကို ရှင်ဘုရင်က ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ရပါတယ်။ ဥပမာ ရထားထိန်းဟာ လမ်းဆိုးကို ရှောင်ရှားဖို့ရာ မြင်းတွေကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ရင်း ရထားကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ရသလိုပါပဲ။ ရှင်ဘုရင့်ဘဏ္ဍာတွေ ထိန်းသိမ်းစောင့်ရှောက်နိုင်သူကို ဘဏ္ဍာစိုးစတဲ့ ကိစ္စတွေကို ဆောင်ရွက်ခိုင်းရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၂)

## ချီးမြှောက်ရတယ်

ရှင်ဘုရင်ဟာ အတွင်းနေသူ အခြံအရံလူအပေါင်းကို ပေးကမ်းခြင်းစသည်တွေနဲ့ ကောင်းကောင်း ချီးမြှောက်ရပါတယ်။ မချီးမြှောက်ရင် နန်းတော်တွင်းက ရွှေ၊ ငွေစသည်တွေဟာ အဲဒီအတွင်းလူကြောင့် ပျောက်ကွယ်တတ်ကြပါတယ်။ အတွင်းလူတွေက အပြင်ကို ရောက်သွားတတ်ကြ

http://www.dhammadownload.com



ရပါတယ်။ ဒါကြောင့် အတွင်းလူတွေကို ကောင်းကောင်း ချီးမြှောက်ရပါတယ်။

(ဇာတ်၊ ဌ၊ ၅၊ ၁၂၃)

## ကိုယ်တွေ့မှသာ

ရှင်ဘုရင်ဟာ 'ငါ့ပစ္စည်းက ဒီလောက်ပဲ' လို့ ကိုယ်တိုင် ကိုယ့်ဥစ္စာကို ကြည့်ရှုပြီး 'ဘယ်နေရာမှာ ငါတို့ ရွှေအိုးမြှုပ်ကြမယ်၊ ဘယ်သူ့အား ကြွေးပေးကြမယ်'လို့ ရွှေအိုးနဲ့ ကြွေးပေးတာကို သူတစ်ပါးကိုယုံပြီး မလုပ်ရ။ ကိုယ်မျက်မှောက်ကိုယ်တွေ့အနေနဲ့သာ လုပ်ရပါတယ်။

(ဇာတ်၊ ဌ၊ ၅၊ ၁၂၄)

## အတိုးနဲ့အကုန်

ရှင်ဘုရင်ဟာ ကြွေးက ဖြစ်ပေါ်လာမယ့် အတိုးနဲ့ ဟိုလူ ဒီလူတွေအား ပေးရမယ့်အကုန်ကို ကိုယ်တိုင်ပဲ သိရပါတယ်။

(ဇာတ်၊ ဌ၊ ၅၊ ၁၂၄)

## လုပ်မလုပ်

ရှင်ဘုရင်ဟာ စစ်မြေပြင်မှာရော၊ အလုပ်သစ်မှာရော၊ အခြားကိစ္စတွေမှာပါ 'ဒီလူက ငါ့ရဲ့ဒီကိစ္စကို လုပ်ထားတယ်၊

http://www.dhammadownload.com



ဒီလူက မလုပ်သေးဘူး' လို့လည်း ကိုယ်တိုင်ပဲ သိရပါတယ်။ သူတစ်ပါးကို ပုံမယုံရပါ။

(ဇာတ်၊ ၌၊ ၅၊ ၁၂၄)

## ထိုက်သလို

ရှင်ဘုရင်ဟာ နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ရတယ်။ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရတယ်။

(ဇာတ်၊ ၌၊ ၅၊ ၁၂၂)

## အပြစ်အားလျော်စွာ

ရှင်ဘုရင်ဆိုတာ ခိုးမှုစသည်ကို ပြုလုပ်လို့ နှိပ်ကွပ်ထိုက်သူကို ခေါ်ယူပြီး ပြလာရင် စုံစမ်းဆင်ခြင်ကာ စစ်ဆေးပြီး ရှေးရှင်ဘုရင်တွေ ထားခဲ့တဲ့ဒဏ်ကို ကြည့်ကာ အပြစ်အားလျော်စွာ နှိပ်ကွပ်ရပါတယ်။

(ဇာတ်၊ ၌၊ ၅၊ ၁၂၄)

## ချီးမြှောက်ထိုက်သူ

မကွဲပျက်သေးတဲ့ တစ်ဖက်စစ်တပ်ကို ကွဲပျက်အောင် လုပ်တတ်သူ၊ ကွဲပျက်ပြီးတဲ့ မိမိစစ်တပ်ကို ကျေနပ်နှစ်သိမ့်အောင် လုပ်တတ်သူ၊ မရသေးတဲ့ တိုင်းနိုင်ငံကို ရအောင်

http://www.dhammadownload.com



လုပ်ပေးတတ်သူ၊ ရပြီးသား တိုင်းနိုင်ငံကို ခိုင်မြဲအောင် ပြုလုပ်ပေးတတ်သူ၊ ကိုယ့်အား အသက်ပေးထားသူ ဒီလို လူဟာ ချီးမြှောက်ထိုက်တဲ့လူပဲ။

ရှင်ဘုရင်ဟာ အဲဒီလို ချီးမြှောက်ထိုက်သူကို ချီးမြှောက်ပြီး ပူဇော်သက္ကာရ၊ မြတ်နိုးမှုကို အကြီးအကျယ် ပြုလုပ်ရပါတယ်။ အဲဒီလို လုပ်ရင် အဲဒီရှင်ဘုရင်ရဲ့ ကိစ္စတွေမှာ အခြားလူတွေကလည်း အသက်ပေးပြီး လုပ်ထိုက်တာကို လုပ်ကြလိမ့်မယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၄)

## လာဘ်စားပြီး

တရားမရှိတဲ့ အမတ်တွေက လက်ဆောင်ကို ယူပြီး တရားအဆုံးအဖြတ်ကို ဖျက်ခွဲကာ ရှင်ဘုရင်ရဲ့ဥစ္စာကိုရော နိုင်ငံကိုပါ မဖျက်ဆီးကြပါစေနဲ့၊ ဒါကြောင့် ရှင်ဘုရင်ဟာ တိုင်းသားပြည်သူတွေရဲ့ကိစ္စကို မမေ့မလျော့ဘဲ ကိုယ်တိုင်ပဲ ဆုံးဖြတ်ပေးရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၄)

## အဆောတလျင်

ရှင်ဘုရင်ဟာ ကိစ္စတွေကို ဉာဏ်ပညာနဲ့ မချင့်ချိန် မစူးစမ်းဘဲ အဆောတလျင် ကိုယ်တိုင်လည်း မလုပ်ရပါ၊

http://www.dhammadownload.com



သူတစ်ပါးကိုလည်း အလုပ်မခိုင်းရပါ၊ ဉာဏ်ပညာနဲ့ မချင့်ချိန်၊ မစူးစမ်းဘဲ ဆန္ဒစသည်အစွမ်းနဲ့ အဆောတလျင် လုပ်မိတဲ့ အလုပ်ဟာ မကောင်းပါ၊ အကြောင်းကတော့ လူမိုက်ဟာ အဲဒီလိုအလုပ်ကို လုပ်ပြီးရင် ဒီဘဝမှာ နောင်မှ နောင်တရပူပန်ရတဲ့အပြင် နောင်ဘဝမှာလည်း အပါယ်ဆင်းရဲကို ခံစားရကာ ပူပန်ရလို့ပါပဲ။

(ဇာတ်၊ ဋ၊ ၅၊ ၁၂၄)

## စိတ်ဆိုးနေပေမယ့်

ရှင်ဘုရင်ဟာ တရားဆုံးဖြတ်ရာနေရာမှာ ရောက်နေရင် 'ဒီသူခိုးက လူကို သတ်ပါတယ်၊ အိမ်ကို ဖောက်ဖျက်ပါတယ်'လို့ သူခိုးကို ပြလာကြတဲ့အခါမှာ အဲဒီပြလာသူတွေရဲ့ စကားတွေကြောင့် ကောင်းကောင်းစိတ်ဆိုးနေပေမယ့် မစူးစမ်း၊ မဆင်ခြင်ဘဲ ဒဏ်မတပ်ရပါ။

အကြောင်းကတော့ သူခိုးမဟုတ်သူကိုလည်း သူခိုးလို့ ခေါ်ဆောင်လာတတ်ကြလို့ပါပဲ။ ဒါကြောင့် ရှင်ဘုရင်ဟာ စိတ်မဆိုးဘဲ တရားလို၊ တရားခံနှစ်ဦးတို့ရဲ့ စကားကို နားထောင်ပြီး ကောင်းကောင်းစစ်ဆေးကာ ကိုယ်တိုင် မျက်မှောက်ပဲ အဲဒီလူရဲ့ ခိုးသူအဖြစ်ကို သိပြီး အစဉ်အဆက်က ထားခဲ့တဲ့ ဒဏ်အတိုင်း လုပ်ထိုက်တာကို လုပ်ရပါတယ်။

(ဇာတ်၊ ဋ၊ ၅၊ ၁၂၅)

http://www.dhammadownload.com



## အေးအောင် မလုပ်ဘဲ

ရှင်ဘုရင်မှာ ဒေါသဖြစ်လာပေမယ့် စိတ်နှလုံးကို အေးအောင် မလုပ်ဘဲ အလုပ်မလုပ်ရပါ။

(ဇာတ်၊ ၄၊ ၅၊ ၁၂၅)

## နူးညံ့သွားမှ

ရှင်ဘုရင်ဟာ စိတ်နှလုံး ငြိမ်းအေးသွားမှ နူးညံ့သွားမှ ဆုံးဖြတ်တဲ့ အလုပ်ကို လုပ်ရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၅)

## ရာဇဒေါသ

ရှင်ဘုရင်ရဲ့ဒေါသကြောင့် စည်ပင်ဖွံ့ဖြိုးတဲ့ မင်းမျိုးများစွာဟာ အမျိုးပျက်ခဲ့ကြရပါတယ်။ အကြီးအကျယ် ပျက်စီး ခဲ့ကြရပါတယ်။ ခန္တိဝါဒီဇာတ်၊ နာဠိကေရရာဇဝတ္ထု၊ သဟဿဗာဟုအဇ္ဇုနဝတ္ထုစသည်တွေကို ကြည့်နိုင်ပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၅)

## ငါဟာ ရှင်ဘုရင်ပဲ

ရှင်ဘုရင်ဟာ 'ငါဟာ ရှင်ဘုရင်ပဲ' ဆိုပြီး လူအများကို အပြုမှား၊ အပြောမှား၊ စိတ်ထားမှား ထားမိအောင်

http://www.dhammadownload.com



မလုပ်ရပါ၊ ကိုယ့်တိုင်းနိုင်ငံထဲက လူယောက်ျား၊ လူမိန်းမ၊ တိရစ္ဆာန်အထီး၊ တိရစ္ဆာန်အမတွေမှာ ဒုက္ခမဖြစ်စေရပါ။

(ဇာတ်၊ ၅၊ ၅၊ ၁၂၅)

## ဒုက္ခမရောက်ရအောင်

တရားမရှိတဲ့ ရှင်ဘုရင်တွေရဲ့ တိုင်းနိုင်ငံက လူတွေဟာ အပြုမှား၊ အပြောမှား၊ စိတ်ထားမှားတွေကို ပြုမိ၊ ပြောမိ၊ ထားမိကြလို့ ငရဲရောက်ကြရသလို ရှင်ဘုရင်ဟာ ကိုယ့်နိုင်ငံက နိုင်ငံသူ၊ နိုင်ငံသားတွေမှာ အဲဒီငရဲဒုက္ခ မရောက်ရအောင် လုပ်ရပါတယ်။

(ဇာတ်၊ ၅၊ ၅၊ ၁၂၅)

## မျက်ကန်းနဲ့ ဆင်ကြမ်း

ရှင်ဘုရင်ဟာ ဘယ်သူ့ကိုမှ မစဉ်းစားဘဲ (ဂရုမစိုက်ဘဲ) ကိုယ့်အလိုကိုသာ အဖန်ဖန် အောက်မေ့ရင် ဆန္ဒအတိုင်း လုပ်ချင်တာ မှန်သမျှကို လုပ်ရင် တောင်ဝှေးလွတ်သွားတဲ့ မျက်ကန်း၊ ချွန်းမပါတဲ့ ဆင်ကြမ်းလို ဖြစ်တတ်ပါတယ်။ အဲဒီရှင်ဘုရင်ရဲ့ စည်းစိမ်ဥစ္စာအားလုံး ပျက်စီးကြပါတယ်။ အဲဒါဟာ အဲဒီရှင်ဘုရင်ရဲ့ စီးပွားပျက်စီးမှုပဲလို့ ရှေးပညာရှိတွေက ဆိုကြပါတယ်။

(ဇာတ်၊ ၅၊ ၅၊ ၁၂၅)

http://www.dhammadownload.com



## သီလနဲ့ ပြည့်စုံရတယ်

ရှင်ဘုရင်ဟာ ကျွမ်းကျင်ထက်မြက်ရတယ်။ မပျင်းရဘူး။ ကောင်းမှုတွေကို လုပ်ရတယ်။ သေရည်သေရက်တာ စသည်ကို ရှောင်ရတယ်။ မျက်မှောက် တမလွန်အကျိုးကို မဖျက်ဆီးရ။ အကျင့်သီလနဲ့ ပြည့်စုံရတယ်။ မင်းကျင့်တရား ၁၀ ပါးမှာ တည်ပြီး တိုင်းပြည်ကို အုပ်ချုပ်ရတယ်။ သီလ မရှိတဲ့ ရှင်ဘုရင်ဟာ ငရဲမှာ ကျရောက်ရတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၅)

## အင်အား ၅ ပါး

လောကမှာ ယောကျ်ားမြတ်၌ အင်အား ၅ ပါးရှိပါတယ်။

၁။ လက်ရုံးအင်အား၊
၂။ စည်းစိမ်ဥစ္စာအင်အား၊
၃။ အမတ်အင်အား၊
၄။ မင်းမျိုးဇာတ်အင်အား၊
၅။ ပညာအင်အား၊

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

http://www.dhammadownload.com



## အမြတ်ဆုံး အင်အား

လက်ရုံးအင်အားဟာ ကြီးမားပေမယ့် အညံ့စားပါပဲ။ လက်ရုံးအင်အားထက် စည်းစိမ်ဥစ္စာအင်အားက ပိုကြီးမား ပါတယ်။ အမတ်အင်အားဟာ ရှေ့အင်အား ၂ ပါးထက် ပိုကြီးမားပါတယ်။ အဲဒီအမတ်ဟာ လို့ဝှက်အတိုင်အပင်ကို မပေါက်ကြားစေရပါ။ ရဲရင့်ရပါတယ်။ စိတ်ကောင်းရှိရပါ တယ်။ မင်းမျိုးဟာ အမြတ်ဆုံးအမျိုး ဖြစ်ပါတယ်။ ပညာရှိ သူဟာ ရှေ့အင်အား ၄ မျိုးကို ပညာအစွမ်းနဲ့ လွှမ်းမိုးနိုင် ပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၈)

## ပညာရှိ

ပညာအင်အား အထောက်အပံ့ခံရတဲ့ ပညာရှိဟာ အကျိုးစီးပွားကို ရတယ်၊ ကြီးပွားတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

## ပညာမဲ့ရင်

ပညာမရှိတဲ့ ရှင်ဘုရင်ဟာ ရတနာ ၇ ပါးနဲ့ ပြည့်နေ တဲ့ မြေကြီးမြတ်ကို ရစေဦးတော့ ပညာရှိတဲ့ ရှင်ဘုရင်က

http://www.dhammadownload.com



ပညာမဲ့တဲ့ဘုရင် မလိုလားပေမယ့် လွှမ်းမိုးပြီး အဲဒီမြေကြီး မြတ်ကို သိမ်းပိုက်တယ်။

(ဇာတ်၊ ဠ၊ ၅၊ ၁၂၈)

## အမွေမခံနိုင်

ပညာမဲ့တဲ့ ရှင်ဘုရင်ဟာ ရပြီးသားအခြေအရံကို မစောင့်ရှောက်နိုင်၊ မျိုးရိုးစဉ်ဆက်ရဲ့ ဥစ္စာဖြစ်တဲ့ အစဉ်အဆက်က လာတဲ့ တိုင်းနိုင်ငံကို မရနိုင်ပါ။

(ဇာတ်၊ ဠ၊ ၅၊ ၁၂၈)

## မွဲတာပါပဲ

မင်းမျိုးဖြစ်လို့ မျိုးရိုးစဉ်ဆက်ရဲ့ဥစ္စာဖြစ်တဲ့ နိုင်ငံကို ရပေမယ့်လည်း ပညာမဲ့တဲ့ ရှင်ဘုရင်ဟာ တစ်နိုင်ငံလုံးနဲ့လည်း အသက်မမွေးနိုင်၊ နည်းလမ်းမှာ မကျွမ်းကျင်လို့ ဆင်းရဲ မွဲတေတာပါပဲ။

(ဇာတ်၊ ဠ၊ ၅၊ ၁၂၈)

## ကျော်စောတယ်

အကြားအမြင်သုတကို ပညာကသာ အဆုံးအဖြတ် ပေးနိုင်ပါတယ်။ ပညာဟာ ကျော်စောသတင်းကို တိုးပွားစေ

http://www.dhammadownload.com



ပါတယ်။ လာဘ်, ပူဇော်သက္ကာရကိုလည်း တိုးပွားစေပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

## ကျွမ်းကျင်လို့

ဒီလောကမှာ ပညာရှိသူဖြစ်ရင် ဒုက္ခရောက်နေပေမယ့်လည်း ဘေးရန်ကင်းပြီး နည်းလမ်းကျွမ်းကျင်လို့ ချမ်းသာကို ရတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၉)

## ပညာမရသူ

ပညာရှိပုဂ္ဂိုလ်တွေကို မချဉ်းကပ်၊ ပညာရှိစကားမနာကြားသူဟာ ပညာကို မရပါ။ သဘာ၀အကြောင်းမှာတည်တဲ့ သုတများသူကို မချဉ်းကပ်၊ မယုံကြည်ဘဲ အကျိုးနဲ့အကျိုးမဲ့၊ အကြောင်းဟုတ်မဟုတ် မစူးစမ်း၊ မဆင်ခြင်နိုင်သူဟာ ပညာကို မရပါ။

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

## အကျိုးပေးသူ

ကုသလကမ္မပထတရား ၁၀ ပါးကို ၀ေဖန်ရာမှာ

http://www.dhammadownload.com



ကျွမ်းကျင်တဲ့ ကြိုးစားမှု ပြုသင့်ချိန်မှာ ကြိုးစားမှုကို ပြုတဲ့၊ မပျင်းရိတဲ့သူဟာ သင့်တော်တဲ့အချိန်မှာ ထိုထိုကိစ္စကို ပြုလုပ်တယ်။ အဲဒီပုဂ္ဂိုလ်မှာ ကံအကျိုးဟာ ပြီးစီးပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

## အကျိုး မပြီးစီး

သီလမရှိတဲ့၊ သီလမရှိသူကို မှီဝဲတဲ့၊ ကုသိုလ်အမှု ပြုရာမှာ ပျင်းရိငြီးငွေ့ပြီး ပြုလုပ်တဲ့ပုဂ္ဂိုလ်မှာ အလုပ်တွေရဲ့ အကျိုးက ကောင်းကောင်း မပြီးစီးပါ။

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

## အကျိုးပြီးစီး

မိမိသန္တာန်မှာ ဝိပဿနာရှုမှတ်တဲ့၊ သီလရှိပုဂ္ဂိုလ်တွေကို မှီဝဲတဲ့၊ ကုသိုလ်အမှု ပြုရာမှာ မပျင်းရိ၊ မငြီးငွေ့ဘဲ ပြုလုပ်တဲ့ပုဂ္ဂိုလ်မှာ အခြွေအရံများခြင်းအကျိုး ပြီးစီးတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

## ကျူအိမ်

အားထုတ်ဖို့သင့်လျော်တဲ့အကြောင်းမှာ အားထုတ်ကြောင်း အဖို့အစုဖြစ်တဲ့ ပညာ၊ စုဆောင်းထားတဲ့ ဉစ္စာကို

http://www.dhammadownload.com



စောင့်ရှောက်မှု၊ ဒီ ၂ ခုကိုရော ရှေ့က ပါခဲ့တဲ့ အချက်အလက်တွေကိုပါ ရှင်ဘုရင်ဟာ လိုက်နာရပါတယ်။ သင့်လျော်တဲ့အကြောင်းမရှိဘဲ ပစ္စည်းဥစ္စာကို မဖျက်ဆီးရ၊ ပညာမရှိသူဟာ မလုပ်သင့်တာကို လုပ်ပြီး မိမိဥစ္စာကို ဖျက်ဆီးကာ နောင်အခါမှာ ဆင်းရဲမွဲတေရပါတယ်။ ကျူအိမ်ဟာ အခြေကစပြီး အိုမင်းယိုယွင်းလာရင် ထောက်တည်ရာမရှိဘဲ လဲကျသလို ပညာမရှိသူဟာ အကြောင်းမဲ့ သက်သက် ဥစ္စာကို ဖျက်ဆီးကာ အပါယ်တွေမှာ ဖြစ်ရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၂၇)

## မိဘအပေါ်

ရှင်ဘုရင်ဟာ နံနက်စောစောပဲ အိပ်ရာက ထပြီး မိဘတွေရဲ့ မျက်နှာသစ်ရေ၊ သွားတိုက်တံပေးခြင်းစတဲ့ ဝတ္တရားကို ပြုလုပ်ကာ ခန္ဓာကိုယ်ကိစ္စအားလုံးကို ဆောင်ရွက်ပေးရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၃၁)

## သား, သမီးအပေါ်

ရှင်ဘုရင်ဟာ သား, သမီးတွေကို မကောင်းတာမှ တားမြစ်ရပါတယ်။ လုပ်ပြီးရင်လည်း ကဲ့ရဲ့ရပါတယ်။

http://www.dhammadownload.com



ကောင်းတာကို တိုက်တွန်းရပါတယ်။ အတတ်ပညာကို သင်ယူခိုင်းရပါတယ်။ အမျိုး သီလ၊ ရုပ်အဆင်းစသည်တွေနဲ့ သင့်တော်သူနဲ့ လက်ထပ်ပေးရပါတယ်။ ဥစ္စာပေးသင့်တဲ့ အခါမှာ ပေးရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၃၁)

## ဇနီးအပေါ်

ရှင်ဘုရင်ဟာ ဇနီးအပေါ် မြတ်နိုးဖွယ်စကား ပြောကြားပေးရပါတယ်။ ကျွန်, အလုပ်သမားစသူတွေကို ရိုက်ပုတ်ညှဉ်းဆဲပြီး ပြောသလို ဇနီးကို ရှုတ်ချ ပြစ်တင်ပြီး မပြောရပါ။ အခြားမိန်းမနဲ့ မဖောက်ပြားရပါ။ ဇနီးအား စားဖိုချောင်ကို အစိုးရစီမံပိုင်ခွင့် ပေးရပါတယ်။ အဝတ် အဆင်တန်ဆာကို ပေးရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၃၁)

## သူတို့အပေါ်

ရှင်ဘုရင်ဟာ မိတ်ဆွေအမတ် ဘဝတူတွေအပေါ် ပေးကမ်းရက်ရောမှု၊ အပြောချိုသာမှု၊ အကျိုးဆောင်ရွက်ပေးမှု၊ ကိုယ်နဲ့ တန်းတူထားမှုတွေနဲ့ ချီးမြှောက်ရပါတယ်။

ဆင်, မြင်းစတဲ့ယာဉ်တွေနဲ့ စစ်သည်တော်တွေအား ပေးထိုက်တာကို ပေးရပါတယ်။ အထူးပြုသင့်တာကို အထူး

http://www.dhammadownload.com



ပြုရပါတယ်။ ဆင်, မြင်းစသည်တွေက အိုမင်းလာတဲ့အခါမှာ အလုပ်လုပ်ဖို့ မခိုင်းရပါ။

ရွာသူ, ရွာသား၊ နိဂုံးသူ, နိဂုံးသား၊ မြို့သူ, မြို့သားတွေအပေါ် ဒဏ်၊ အခွန်အတုတ်တွေနဲ့ မနှိပ်စက်ရ၊ မညှဉ်းဆဲရပါ။

နိုင်ငံကိုရော ဇနပုဒ်ကိုပါ အကြောင်းမရှိဘဲ မပင်ပန်းစေရပါ။ အကျိုးလိုလားတဲ့စိတ်ကို ဖြန့်ကြက်ထားရပါတယ်။

တရားရှင် သမဏ၊ ဗြာဟ္မဏတွေအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတွေကို လှူဒါန်းရပါတယ်။

အခြေ ၄ ချောင်းရှိ သတ္တဝါတွေနဲ့ ငှက်တွေအား ဘေးမဲ့ပေးရပါတယ်။

(ဇာတ်၊ ၌၊ ၅၊ ၁၃၁)

## အသက်နဲ့တရား

ရှင်ဘုရင်ဟာ ကိုယ်ကျင့်ကောင်း၊ နှုတ်ကျင့်ကောင်း၊ စိတ်ကျင့်ကောင်းကို ကျင့်ရင် လူ့ဘဝမှာ အမျိုးမြတ်ကို ရောက်၊ နတ်ပြည် ၆ ထပ်ကို ရောက်ကာ ချမ်းသာကို ခံစားရတယ်။ ဒါကြောင့် ရှင်ဘုရင်ဟာ အသက်ကို စွန့်ရပေမယ့်လည်း တရားကို မမေ့ရပါ။

(ဇာတ်၊ ၌၊ ၅၊ ၁၃၁)

http://www.dhammadownload.com



## ပညာရှိတွေသဘော

ပညာရှိတွေဟာ ကိုယ့်မှာ ဒုက္ခနဲ့တွေ့နေကြရပေမယ့် ကောင်းကျိုးကို ပေးတတ်တဲ့ အလုပ်ကို မစွန့်လွှတ်ကြပါ။ မောဟနဲ့ တွေဝေ၊ ချမ်းသာနဲ့ ယစ်မူးပြီးတော့ မကောင်းမှုကို မပြုကျင့်ကြပါ။

(ဇာတ်၊ ၄၊ ၅၊ ၂၃၆)

## ရှင်ဘုရင်နဲ့ နတ်

ရှင်ဘုရင်ဟာ 'ငါဟာ ရှင်ဘုရင်ပဲ' လို့ တွေးပြီး မကောင်းမှုကို လုပ်တယ်၊ လုပ်ပြီးတော့လည်း 'ငါ့ကို နတ်၊ လူတွေက ဘာပြောကြမလဲ' လို့ တွေးပြီး မထိတ်လန့်၊ မကြောက်ရွံ့၊ အဲဒီရှင်ဘုရင်ဟာ အဲဒီကံကြောင့် အသက်မရှည်၊ မြန်မြန်ပဲ သေတယ်။ နတ်တွေကလည်း 'ဒီရှင်ဘုရင် ယုတ်မာနဲ့ နိုင်ငံမှာ ဘာအကျိုးရှိမှာလဲ၊ ဒီယုတ်မာတဲ့ ရှင်ဘုရင်ရဲ့ လည်ပင်းမှာ သဲအိုးကို ဖွဲ့ချည်ပြီး သေတာကမှ ကောင်းပါသေးတယ်'လို့ မလိုလားတဲ့ မျက်စိနဲ့ ကြည့်ရှုကြတယ်။

(ဇာတ်၊ ၄၊ ၅၊ ၂၃၆)

## တရားသိသူ မသိသူ

ကိုယ့်မှာ ဆင်းရဲဒုက္ခ နှိပ်စက်ခံရလို့ အဲဒီဒုက္ခကို

http://www.dhammadownload.com



သူတစ်ပါးအပေါ် တင်ထားတယ်။ ကိုယ့်ခန္ဓာကိုယ်မှ ဖယ်ရှားပြီး သူတစ်ပါးရဲ့ ခန္ဓာကိုယ်ပေါ်မှာပစ်ချတယ်။သူတစ်ပါးရဲ့ ချမ်းသာသုခနဲ့ ကိုယ့်အပေါ် ချမ်းသာသုခကို တင်ထားတယ်။ သူတစ်ပါးရဲ့ ချမ်းသာသုခကို ယူပြီး မိမိအပေါ် ပစ်ချတယ်။ 'ကိုယ့်ရဲ့ ဒုက္ခကို ဖယ်ရှားမယ်' လို့ တွေးပြီး သူတစ်ပါးကို ဒုက္ခရောက်အောင် လုပ်တယ်။ 'ကိုယ့်ကိုယ်ကို ချမ်းသာအောင် လုပ်မယ်' လို့ တွေးပြီး သူတစ်ပါးကို ဆင်းရဲအောင် လုပ်တယ်။ သူတစ်ပါးရဲ့ချမ်းသာကို ဖျက်ဆီးတယ်။ အဲဒီသူဟာ တရားကို မသိသူပဲ။

'ငါ့မှာ ချမ်းသာ၊ ဆင်းရဲ ရှိသလို သူတစ်ပါးတွေမှာလည်း ရှိတာပဲ' လို့ သိရင် အဲဒီသူဟာ တရားကို သိသူပဲ။

(ဇာတ်၊ ၄၊ ၅၊ ၂၃၆)

## မိုးရေ

ကဲ့ရဲ့မှု၊ ချီးမွမ်းမှု၊ အပြစ်တင်မှု၊ ပူဇော်မှု၊ ဒီဟာအားလုံးကို မခံယူနိုင်၊ သည်းမခံနိုင်တဲ့ ရှင်ဘုရင်ထံမှာ အစိုးရမှု (ကျက်သရေ) နဲ့ ပညာဟာ မတည်ပါ။ ဖဲ့ခွာသွားပါတယ်။ ဥပမာ ကြည်းကုန်းအရပ်မှာ မိုးရေဟာ မတည်ရှိသလိုပါပဲ။

(ဇာတ်၊ ၄၊ ၅၊ ၂၃၂)

http://www.dhammadownload.com



## တရားနှစ်သက်သူ

ရှင်ဘုရင်ဟာ အဆုံးအဖြတ်တရား၊ အစဉ်အဆက်က လာတဲ့တရား၊ အကျင့်ကောင်းတရားတွေကို နှစ်သက်ရင် ကောင်းတယ်၊ အကြောင်းကတော့ တရားကို နှစ်သက်တဲ့ ရှင်ဘုရင်ဟာ အသက်ကို စွန့်ရပေမယ့်လည်း မလုပ်သင့်တဲ့ ကိစ္စကို မလုပ်လို့ပါပဲ။ (ဇာတ်၊ ၄၊ ၅၊ ၂၃၉)

## ကောင်းတယ်

လူဟာ ပညာရှိရင် ကောင်းတယ်၊ မိတ်ဆွေတွေကို မပြစ်မှားရင် ကောင်းတယ်။ မကောင်းတာကို မလုပ်ရင် ချမ်းသာတယ်။ (ဇာတ်၊ ၄၊ ၅၊ ၂၃၃)

## အေးမြတဲ့ အရိပ်

အမျက်မထွက်တဲ့၊ တရားမှာ တည်တဲ့ ရှင်ဘုရင်ရဲ့ နိုင်ငံက လူတွေဟာ သားသမီး၊ ဇနီး၊ ဆွေမျိုး၊ မိတ်ဆွေတွေရဲ့ အေးမြတဲ့ အရိပ်ဖြစ်တဲ့ ကိုယ့်အိမ်မှာ ချမ်းချမ်းသာသာ သွားကြရတယ်၊ ရပ်ကြတယ်၊ ထိုင်ကြတယ်၊ အိပ်ကြရတယ်။ မတရားတဲ့ အခွန်အတုတ်၊ ဒဏ်စတာတွေရဲ့ အနှိပ်အစက် မခံကြရဘဲ ချမ်းသာစွာ နေကြရတယ်။

(ဇာတ်၊ ၄၊ ၅၊ ၂၃၃)

http://www.dhammadownload.com



## ကွေ့ကွေ့ကောက်ကောက်

မြစ်ကို ကူးဖြတ်ကြတဲ့ နွားတွေထဲမှာ ရှေ့ဆောင် နွားလားက ကွေ့ကွေ့ကောက်ကောက် သွားရင် နောက်လိုက် နွားမအားလုံးဟာ ကွေ့ကွေ့ကောက်ကောက် လိုက်ကြပါ တယ်။

အဲဒီလိုပါပဲ၊ လူတွေထဲမှာ အမြတ်ဆုံးလို့ သမုတ်ခံရ တဲ့ ရှင်ဘုရင်က မတရားတာကို ပြုကျင့်နေရင် နောက်လိုက် လူတွေက မတရားတာကို အလွန်အကဲ ပြုလုပ်ကြပါတယ်။ ရှင်ဘုရင်က အဂတိလိုက်ပြီး (ချစ်လို့၊ မုန်းလို့၊ မသိလို့၊ ကြောက်လို့ မလုပ်သင့်တာကို လုပ်ပြီး) တရားနဲ့အညီ နိုင်ငံ ကို မအုပ်ချုပ်ရင် တစ်နိုင်ငံလုံး ဆင်းဆင်းရဲရဲနေရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၂၃၇)

## ဖြောင့်ဖြောင့်

မြစ်ကို ကူးဖြတ်ကြတဲ့ နွားတွေထဲမှာ ရှေ့ဆောင်နွား လားက ဖြောင့်ဖြောင့် သွားရင် နောက်လိုက်နွားမအားလုံး ဟာ ဖြောင့်ဖြောင့် လိုက်ကြပါတယ်။

အဲဒီလိုပါပဲ၊ လူတွေထဲမှာ အမြတ်ဆုံးလို့ သမုတ်ခံရ တဲ့ ရှင်ဘုရင်က တရားကို ပြုကျင့်ရင် နောက်လိုက်လူတွေက တရားကို လိုက်ကျင့်တယ်ဆိုရာမှာ ပြောစရာမလိုပါ။ ရှင်

http://www.dhammadownload.com



ဘုရင်က အဂတိ ၄ ပါး မလိုက်ဘဲ တရားနဲ့အညီ နိုင်ငံကို အုပ်ချုပ်ရင် တစ်နိုင်ငံလုံး ချမ်းချမ်းသာသာ နေရပါတယ်။

(ဇာတ်၊ ဋ၊ ၅၊ ၂၃၄)

## သရက်ချိုပင်ကြီး

အချိုအရသာရှိတဲ့ အသီးတွေ သီးနေတဲ့ သရက်ပင်ကြီးရဲ့ အသီးအစိမ်းကို ဖြတ်တောက်သူဟာ သရက်သီးရဲ့ အချိုအရသာကိုလည်း မသိရ၊ သရက်သီးရဲ့ မျိုးစေ့လည်း ပျက်စီးတယ်။

သရက်ချိုပင်ကြီးနဲ့ တူတဲ့ တိုင်းနိုင်ငံကို အဂတိလိုက်ပြီး သွန်သင်အုပ်ချုပ်ရင် တရားကင်းမဲ့တဲ့ ရှင်ဘုရင်ဟာ တိုင်းနိုင်ငံရဲ့ အဆီသြဇာကိုလည်း မသိရ၊ ဝင်ငွေ၊ အမြတ်အစွန်းကိုလည်း မရ။ အဲဒီရှင်ဘုရင်ရဲ့ တိုင်းနိုင်ငံလည်း ပျက်စီးတယ်။ (လူတွေက ရွာ၊ နိဂုံးတွေကို စွန့်ပစ်ပြီး အစွန် အဖျား၊ တောင်ကြိုတောင်ကြားကို သွားကြတယ်။ ငွေဝင် ပေါက်အားလုံး ပြတ်တောက်ကုန်တယ်၊ နိုင်ငံဟာ ဆိတ်သုဉ်း သွားတယ်။)

(ဇာတ်၊ ဋ၊ ၅၊ ၂၅၆)

## အရသာနဲ့ မျိုးစေ့

အချိုအရသာရှိတဲ့ အသီးတွေ သီးနေတဲ့ သရက်ပင်

http://www.dhammadownload.com



ကြီးရဲ့ အသီးမှည့်ကို ဆွတ်ခူးသူဟာ သရက်သီးရဲ့ အချို အရသာကိုလည်း သိတယ်၊ သရက်သီးရဲ့ မျိုးစေ့လည်း မပျက်စီး။

သရက်ချိုပင်ကြီးနဲ့ တူတဲ့ တိုင်းနိုင်ငံကို အဂတိကင်းပြီး သွန်သင်အုပ်ချုပ်ရင် တရားရှိတဲ့ ရှင်ဘုရင်ဟာ တိုင်းနိုင်ငံရဲ့ အဆီဩဇာကိုလည်း သိရတယ်၊ ဝင်ငွေ၊ အမြတ်အစွန်းကိုလည်း ရတယ်။ တိုင်းနိုင်ငံလည်း မပျက်စီး။

(ဇာတ်၊ ၃၊ ၅၊ ၂၅၆)

## ဆေးနဲ့ ဆန့်ကျင်

ရှင်ဘုရင်ဟာ ဇနပုဒ်ကို အဂတိလိုက်ပြီး သွန်သင်အုပ်ချုပ်ရင် သစ်မြစ်၊ သစ်ခေါက်၊ သစ်ရွက်၊ အပွင့်၊ အသီးစတဲ့ ဆေးအားလုံး, ထောပတ်၊ ဆီဦးစတဲ့ ဆေးအားလုံးတွေနဲ့ ဆန့်ကျင်တယ်။ အဲဒီဆေးအားလုံးဟာ အကျိုးမဲ့ပြီးစေကြတော့။

(ဇာတ်၊ ၃၊ ၅၊ ၂၅၆)

## အဆီဩဇာ

တရားကင်းမဲ့တဲ့ ရှင်ဘုရင်ရဲ့ မြေကြီးဟာ အဆီဩဇာမရှိ၊ မြေကြီးမှာ အဆီဩဇာ မရှိတော့ ဆေးတွေမှာ အဆီဩဇာ မရှိ။ အဲဒီဆေးတွေက ရောဂါကိုလည်း

http://www.dhammadownload.com



မပျောက်စေနိုင်ကြတော့။ အဲဒီနည်းနဲ့ ရှင်ဘုရင်ဟာ ဆေးတွေနဲ့ ဆန့်ကျင်သည်မည်တယ်။ (ဇာတ်၊ ၄၊ ၅၊ ၂၅၈)

## ဘဏ္ဍာတိုက်နဲ့ ဆန့်ကျင်

နိဂုံးမှာ နေတဲ့ သူကြွယ်တွေက ကုန်းလမ်း၊ ရေလမ်းမှာ အရောင်းအဝယ်လုပ်ကြတယ်။ အဲဒီကုန်သည်တွေဟာ ရှင်ဘုရင်အဖို့ ငွေဝင်ပေါက်တွေပဲ။ အဲဒီကုန်သည်တွေက ဟိုဟိုဒီဒီအရပ်တွေက ပစ္စည်းဘဏ္ဍာတွေကို သယ်ဆောင်လာကြတယ်။ အကောက်ခွန် ပေးကြတယ်။ အဲဒီနည်းနဲ့ အဆိပြဇာပေးကြတယ်။ ၆ ဆ၊ ၁၀ ဆ စတဲ့ အခွန်အတုတ်ကိုလည်း ပေးကြတယ်။ အဲဒီကုန်သည်တွေကို ညှဉ်းဆဲသူ တရားမဲ့ရှင်ဘုရင်ဟာ ဥစ္စာ စပါးတွေမှ ဆုတ်ယုတ်သွားရလို့ ဘဏ္ဍာတိုက်နဲ့ ဆန့်ကျင်သူပဲ။

(ဇာတ်၊ ၄၊ ၅၊ ၂၅၆)

## စစ်တပ်နဲ့ ဆန့်ကျင်

ရှင်ဘုရင်ဟာ 'ဒီနေရာမှာ ပစ်ဖောက်သင့်တယ်'လို့ ပစ်နည်းကျွမ်းကျင်တဲ့ လေးသမားတွေ၊ စစ်ပွဲမှာ တိုက်ခိုက်ရေး ကောင်းကောင်း ကျွမ်းကျင်တဲ့ စစ်သည်တော်ကြီးတွေ၊ ထင်ရှားတဲ့ အမတ်ကြီးတွေ၊ အဲဒီပုဂ္ဂိုလ်တွေကို ကိုယ်တိုင်

http://www.dhammadownload.com



လည်း မညှဉ်းဆဲရ၊ သူတစ်ပါးတွေကိုလည်း ညှဉ်းဆဲမခိုင်းရ၊ ညှဉ်းဆဲရင် စစ်သည်တော်တွေနဲ့ ဆန့်ကျင်သူပဲ။

(ဇာတ်၊ ၃၊ ၅၊ ၂၅၆)

## ငါတို့ကိုတော့

အဲဒီလိုညှဉ်းဆဲတဲ့ ရှင်ဘုရင်ကို ကျန်တဲ့စစ်သားတွေကလည်း 'ဒီရှင်ဘုရင်ဟာ ကျေးဇူးများတဲ့၊ ကိုယ့်အား နိုင်ငံပေးထားကြတဲ့ သူတွေကိုတောင် ညှဉ်းဆဲတယ်။ ငါတို့ကိုတော့ ဘယ်အကြောင်းကြောင့် မညှဉ်းဆဲဘဲ ရှိမှာလဲ' လို့ တွေးကာ စွန့်ခွာသွားကြတာပါပဲ။ အဲဒီနည်းနဲ့ ရှင်ဘုရင်ဟာ စစ်တပ်နဲ့ ဆန့်ကျင်သူ မည်ပါတယ်။

(ဇာတ်၊ ၃၊ ၅၊ ၂၅၈)

## နတ်ပြည်နဲ့ဆန့်ကျင်

ရှင်ဘုရင်ဟာ ကိုယ်၊ နှုတ်၊ စိတ်တွေကို စောင့်စည်းတဲ့အကျင့်မြတ်ကျင့်သူ ရသေ့၊ ရဟန်းတွေကို ဆဲရေးခြင်း၊ ပုတ်ခတ်ခြင်းစသည်တွေနဲ့ ညှဉ်းဆဲကာ မတရားသဖြင့် ပြုကျင့်ရင် သေက အပါယ်ကိုပဲ သွားရပါတယ်။ နတ်ပြည်မှာ မဖြစ်နိုင်တော့၊ ဒါကြောင့် နတ်ပြည်နဲ့ ဆန့်ကျင်သူ မည်ပါတယ်။

(ဇာတ်၊ ၃၊ ၅၊ ၂၅၆)

http://www.dhammadownload.com



# သား,သမီးတွေနဲ့ ဆန့်ကျင်

သား, သမီးတွေနဲ့ တိုးပွားနေတဲ့ သီလရှိသူ မယား ကို မိတ်ဆွေအတု သူခိုးတွေရဲ့စကားကို ယူပြီး သတ်တဲ့ ရှင်ဘုရင်ဟာ ငရဲရောက်ကြောင်းအလုပ်ကို လုပ်တယ်။ ဒီဘဝမှာပဲ ကိုယ့်သား၊ သမီးတွေနဲ့ ဆန့်ကျင်တယ်။

(ဇာတ်၊ ၄၊ ၅၊ ၂၅၇)

# ရှင်ဘုရင့်ဝတ္တရား

ရှင်ဘုရင်ဟာ ဇနပုဒ်ကို မတရားတဲ့ အခွန်အတုတ်နဲ့ မနှိပ်စက်ရင် ဇနပုဒ်မှာ တရားကျင့်တာပါပဲ။

ပိုင်ရှင်တွေကို ပိုင်ရှင်မဟုတ်ဘူးလို့ မလုပ်ရင် နိဂုံး တွေမှာ တရားကျင့်တာပါပဲ။

အရာဌာနမဟုတ်ရာမှာ မပင်ပန်းစေရင် စစ်တပ်တွေ မှာ တရားကျင့်တာပါပဲ။

သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ဆဲရေးခြင်း၊ ခြိမ်းခြောက် ခြင်းတွေကို ရှောင်ရှားပြီး ပစ္စည်းတွေကို ရသေ့၊ ရဟန်းတွေ အား လှူဒါန်းရင် ရသေ့ ရဟန်းတွေကို မညှဉ်းဆဲတာပါပဲ။

သမီးတွေကို သင့်တော်ရာမှာ နေရာချထားပေးရပါ တယ်။

သားတွေကို အတတ်ပညာ အသင်ခိုင်းရပါတယ်။ ကောင်းကောင်း စောင့်ရှောက်ရပါတယ်။

http://www.dhammadownload.com



ဇနီးကို လုပ်ပိုင်ခွင့်ပေးခြင်း၊ တန်ဆာဆင်ပေးခြင်း၊ မြတ်နိုးဖွယ်စကား ပြောကြားခြင်းစသည်တွေနဲ့ ချီးမြှောက်ရပါတယ်။ (ဇာတ်၊ ၄၊ ၅၊ ၂၅၉)

## အာဏာတန်ခိုး

ဒေါသမထွက်တဲ့ နိုင်ငံကို စောင့်ရှောက်တဲ့ ရှင်ဘုရင်ဟာ အစဉ်အလာကို မဖျက်ဆီးဘဲ တရားနဲ့အညီ နိုင်ငံကို အုပ်ချုပ်ရင် ရှင်ဘုရင့်အာဏာ၊ ရှင်ဘုရင့်တန်းခိုးနဲ့ ရန်သူတွေကို တုန်လှုပ်စေပါတယ်။ ကြောက်လန့်စေပါတယ်။ ဥပမာ သိကြားမင်းဟာ ရန်သူအသုရာကို တုန်လှုပ်စေသလိုပါပဲ။ (ဇာတ်၊ ၄၊ ၅၊ ၂၅၇)

## မမေ့လျော့ရပါ

ကျန်းမာလို့၊ နုပျိုလို့၊ အသက်ရှင်လို့ မာန်တက်မှုကြောင့် မေ့လျော့မှုဆိုတာ ဖြစ်ပေါ်လာတယ်။ မေ့လျော့သူဟာ သူ့အသက်သတ်ခြင်းစတဲ့ မကောင်းမှုတွေကို လုပ်တယ်။ အဲဒီအခါ သူ့ကို ရှင်ဘုရင်တွေက ဖြတ်တောက်ခိုင်းကြ၊ သတ်ခိုင်းကြတယ်။ သူ့ရဲ့ဥစ္စာအားလုံးကို ဆောင်ယူကြတယ်။ သူမှာ အဲဒီလို မေ့လျော့လို့ ဆွေမျိုး၊ ပစ္စည်း၊ အသက်တွေ ကုန်ရတယ်။ ပစ္စည်းဥစ္စာ၊ အခြေအရံ ကုန်သွား

http://www.dhammadownload.com



တဲ့သူဟာ နောက်တစ်ဖန် အသက်မမွေးနိုင်လို့ အသက်မွေး ဖို့ရာ ဒုစရိုက်တွေကို လုပ်တယ်။ သူ့မှာ အဲဒီလို ကုန်လို့ အပြစ်တွေ ဖြစ်လာတယ်။

ရှင်ဘုရင်မှာ အဲဒီလိုမေ့လျော့မှု မဖြစ်ရပါ။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

## ရှင်ဘုရင် မေ့လျော့ရင်

ရှင်ဘုရင်တွေဟာ မေ့လျော့ကြရင် နိုင်ငံသူ၊ နိုင်ငံ သားတွေရဲ့ ကြီးပွားတိုးတက်ရေးကိုရော တစ်နိုင်ငံလုံးကိုပါ လက်လွတ်ဆုံးရှုံးသွားကြတယ်။ ရွာစားတွေ၊ ရွာတွေဟာ ပျက်စီးကုန်တယ်။ ရှင်၊ ရဟန်းတွေဟာ ရှင်၊ ရဟန်းအကျင့် တွေမှ ယုတ်လျော့ကုန်ကြတယ်။ လူဝတ်ကြောင်တွေက အိမ်ရာ၊ ဥစ္စာပစ္စည်း၊ စပါးစသည်တွေမှ ယုတ်လျော့ကုန် ကြတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

## အခြေအရံနဲ့ဥစ္စာ

အခြေအရံနဲ့ စည်းစိမ်ဥစ္စာ ယုတ်လျော့တာကို ရှင် ဘုရင်ရဲ့ဆင်းရဲလို့ ဆိုရပါတယ်။ မှန်ပါတယ်၊ စည်းစိမ်ဥစ္စာ မရှိတဲ့ ရှင်ဘုရင်မှာ စည်းစိမ်ဥစ္စာမရှိလို့ အခြေအရံ

http://www.dhammadownload.com



ယုတ်လျော့တယ်။ အခြေအရံယုတ်လျော့တဲ့ ရှင်ဘုရင်ဟာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကို အကြီးအကျယ် ခံစားရတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၀၅)

## သူခိုးတွေက

အတိုင်းထက်အလွန် မေ့လျော့တာဟာ ရှေးမင်းတွေရဲ့အကျင့် မဟုတ်ပါ။ စားဖွယ်၊ သောက်ဖွယ်စသည်တွေ ပြည့်စုံပြီး ရွှေ ငွေစသည်ပေါများတဲ့ အဲဒီတိုင်းနိုင်ငံကို သူခိုးတွေက လုယက်ဖျက်ဆီးကြတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

## အစဉ်အဆက်ကို မဖောင့်နိုင်

တိုင်းသားပြည်သူတွေက 'ဒီသားဟာ တရားမရှိတဲ့ ရှင်ဘုရင်ရဲ့သားပဲ။ ငါတို့ရဲ့ကြီးပွားတိုးတက်ရေးကို ဘယ်မှာ လုပ်နိုင်မှာလဲ၊ ဒီသားအား ထီးနန်းကို မပေးကြအံ့' လို့ ဆိုပြီး ထီးနန်းကို မပေးကြ။ အဲဒီနည်းနဲ့ တရားမရှိတဲ့ ရှင်ဘုရင်တွေရဲ့သားတွေဟာ အစဉ်အဆက်ကို မစောင့်ရှောက်နိုင် ဖြစ်ကုန်တယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၀၅)

http://www.dhammadownload.com



## ရှင်ဘုရင် ဖြစ်စေဦးတော့

တိုင်းနိုင်ငံ ပျက်စီးရင် စည်းစိမ်ဥစ္စာအားလုံး ယုတ်လျော့တော့တာပဲ၊ စည်းစိမ်ဥစ္စာအားလုံးယုတ်လျော့သွားရင် ရှင်ဘုရင်ဖြစ်စေဦးတော့ဆွေမျိုးမိတ်ဆွေ၊ အပေါင်းအသင်းတွေက ရှင်ဘုရင်ကို 'ဒီသူဟာ ရှင်ဘုရင်ပဲ'လို့ လေးစားတဲ့စိတ်နဲ့ မြတ်မြတ်နိုးနိုးလုပ်ကာ မယူဆ၊ မထင်မှတ်ကြတော့။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

## မလေးစားချင်ကြတော့

ရှင်ဘုရင်ကို အမှီပြုပြီး အသက်မွေးကြတဲ့ ဆင်စီးပြီးတိုက်တဲ့စစ်သည်တော်တွေ၊ အတွင်းကိုယ်ရံတော်သူရဲကောင်းတွေ၊ ရထားစစ်သည်တော်တွေ၊ ခြေလျင်စစ်သည်တော်တွေက ရှင်ဘုရင်ကို 'ဒီသူဟာ ရှင်ဘုရင်ပဲ' လေးစားတဲ့စိတ်နဲ့ မြတ်မြတ်နိုးနိုး လုပ်ကာ မယူဆ၊ မထင်မှတ်ကြတော့။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

## မြွေနဲ့ အရေဟောင်း

ကိုယ်၊ နှုတ်၊ စိတ်တွေနဲ့ မကောင်းမှုတွေကို ပြုလုပ်တဲ့၊ ပညာမရှိသူတွေနဲ့ တိုင်ပင်လေ့ရှိတဲ့ ပညာမဲ့ ရှင်ဘုရင်မိုက်ကို အခြေအရံ၊ စည်းစိမ်က စွန့်လွှတ်သွားတယ်။ ဥပမာ

http://www.dhammadownload.com



မြေဟာ အရေပေါင်းကို စက်ဆုပ်လို့ စွန့်သွားသလိုပါပဲ။ နောက်ထပ် မကြည့်တော့သလိုပါပဲ။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

## နွားလား

ကိုယ်၊ နှုတ်၊ စိတ်တွေနဲ့ မကောင်းမှုကို မပြုလုပ်တဲ့၊ ကြိုးစားသင့်တဲ့အခါမှာ ကြိုးစားတဲ့ မပျင်းရိတဲ့ ရှင်ဘုရင်ထံ စည်းစိမ်ဥစ္စာအားလုံးက ရွေ့ရှုသွားကာ တိုးပွားကြတယ်။ ဥပမာ နွားလားဥသဘရှိတဲ့ နွားမတွေမှာ နွားတွေ တိုးပွားလာကြသလိုပါပဲ။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

## စနည်းနာ

ရှင်ဘုရင်ဟာ ကိုယ့်တိုင်းနိုင်ငံ၊ ဇနပုဒ်မှာ စနည်းနာဖို့ရာ လှည့်လည်ရပါတယ်။ လှည့်လည်တဲ့အခါ မြင်သင့်တာကို မြင်၊ ကြားသင့်တာကို ကြားပြီး ကိုယ့်ရဲ့ဂုဏ်နဲ့ အပြစ်ကို ကိုယ်တွေ့သိရကာ မိမိမှာ အကျိုးစီးပွားဖြစ်မယ့် အကျင့်ကို ကျင့်သုံးရပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၀၄)

http://www.dhammadownload.com



## နေ့နေ့ ညည

ဇနပုဒ်နေသူတွေဟာ ပဉ္စာလရှင်ဘုရင်ရဲ့ အစောင့်အရှောက်ကို မရကြ၊ မတရားအခွန်အတုတ်နဲ့ အနှိပ်စက်ခံကြရတယ်။ မှန်တယ်၊ ညအခါမှာ သူခိုးတွေက လုယက်ကြတယ်၊ နေ့အခါမှာ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်းစတာတွေနဲ့ နှိပ်စက်ပြီး မတရားသဖြင့် အခွန်အတုတ်ကို သိမ်းပိုက်သူတွေက လုယက်ကြတယ်။ ကောက်ကျစ်ယုတ်မာတဲ့ ရှင်ဘုရင်ရဲ့ တိုင်းနိုင်ငံမှာ မတရားတဲ့ မကောင်းမှုကို ဖုံးကွယ်တဲ့ လူအပေါင်းက များပြားတယ်။

(ဇာတ်၊ ၄၊ ၅၊ ၁၀၇)

## အမေး အဖြေ

အို . . . ကာသိဘုရင်၊ သင့်မှာ ကျန်းမာပါရဲ့လား၊ အနာရောဂါ ကင်းပါရဲ့လား၊ သာယာဝပြောတဲ့ သင့်နိုင်ငံကို တရားသဖြင့် သွန်သင်အုပ်ချုပ်ပါရဲ့လား။

အို . . . ဘုရားလောင်း ဓတရဋ္ဌဟင်္သာမင်း၊ အကျွန်ုပ်မှာ ကျန်းမာပါတယ်၊ အနာရောဂါ ကင်းပါတယ်၊ သာယာဝပြောတဲ့ ဒီနိုင်ငံကို အကျွန်ုပ်ဟာ တရားသဖြင့် သွန်သင်အုပ်ချုပ်ပါတယ်။

အို . . . ကာသိဘုရင်၊ သင့်ရဲ့အမတ်တွေမှာ အပြစ်တစ်စုံ

http://www.dhammadownload.com



တစ်ရာ ရှိပါသလား၊ အဲဒီအမတ်တွေက သင့်ရဲ့ကိစ္စတွေမှာ အသက်ကို မလိုလားဘဲ ရှိကြပါရဲ့လား။ (အသက်စွန့်ကြပါရဲ့လား)

အို . . . ဟာသ်ာမင်း၊ အကျွန်ုပ်ရဲ့အမတ်တွေမှာ အပြစ်တစ်စုံတစ်ရာမရှိပါ။ အဲဒီအမတ်တွေက အကျွန်ုပ်ရဲ့ကိစ္စတွေမှာ အသက်ကိုစွန့်ကြပါတယ်။

အို . . . ကာသိဘုရင်၊ သင့်မိဖုရားက သင့်စကားကိုနားထောင်လိုက်နာပါရဲ့လား၊ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်ရဲ့လား။ သား၊ သမီး၊ ရုပ်ရည်အဆင်း၊ အခြွေအရံနဲ့ ပြည့်စုံရဲ့လား၊ သင့်ရဲ့ဆန္ဒအလိုကို လိုက်ရဲ့လား။

အို . . . ဟာသ်ာမင်း၊ ကျွန်ုပ်ရဲ့ မိဖုရားက အကျွန်ုပ်ရဲ့စကားကို နားထောင်လိုက်နာပါတယ်။ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်ပါတယ်။ သား၊ သမီး၊ ရုပ်ရည်အဆင်း၊ အခြွေအရံနဲ့ ပြည့်စုံပါတယ်။ အကျွန်ုပ်ရဲ့အလိုဆန္ဒကို လိုက်ပါတယ်။

အို . . . ကာသိဘုရင်၊ သင့်တိုင်းနိုင်ငံဟာ နှိပ်စက်ခံရမှု ကင်းရဲ့လား၊ ဘက်ပေါင်းစုံက ဘေးကင်းရဲ့လား၊ နိုင်ထက်စီးနင်းမှုမရှိဘဲ တရားနဲ့အညီ သင့်တိုင်းနိုင်ငံကို သွန်သင်အုပ်ချုပ်ရဲ့လား။

အို . . . ဟာသ်ာမင်း၊ အကျွန်ုပ်ရဲ့တိုင်းနိုင်ငံဟာ နှိပ်စက်ခံရမှု ကင်းပါတယ်။ ဘက်ပေါင်းစုံက ဘေးကင်းပါတယ်။

http://www.dhammadownload.com



အကျွန်ုပ်ဟာ နိုင်ထက်စီးနင်းမှု မရှိဘဲ တရားနဲ့အညီ အကျွန်ုပ်ရဲ့တိုင်းနိုင်ငံကို သွန်သင်အုပ်ချုပ်ပါတယ်။

အို . . . ကာသိဘုရင်၊ သင်ဟာ သီလစတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ သူတော်ကောင်းတွေကို ပူဇော်ရဲ့လား၊ မသူတော်တွေကို ရှောင်ကြဉ်ရဲ့လား၊ တရားကို စွန့်ပစ်ပြီး မတရားတာ နောက်ကို လိုက်ပါသလား။

အို . . . ဟံသာမင်း၊ အကျွန်ုပ်ဟာ သူတော်ကောင်းတွေကို ပူဇော်ပါတယ်။ မသူတော်တွေကို ရှောင်ကြဉ်ပါတယ်။ တရားနောက်ကိုပဲ လိုက်ပါတယ်။ မတရားတာကို စွန့်ပစ်ပါတယ်။

အို . . . ကာသိဘုရင်၊ သင်ဟာ မရောက်လာသေးတဲ့ ကိုယ့်အသက်ဖြစ်ပုံကို 'ဘယ်လိုလဲ၊ ရှည်ရဲ့လား' လို့ မဆင်ခြင်ဘဲ ရှိပါသလား (ကိုယ့်အသက် ဆက်ရှည်ရမယ့် ကံနည်းလာတာကို သိပါရဲ့လား)၊ မေ့လျော့စေတဲ့ အဆင်းစတဲ့ ကာမဂုဏ်အာရုံမှာ မယစ်မူးဘဲ ဒါနစတဲ့ကုသိုလ်တွေကို ပြုထားလို့ နောက်ဘဝကို မကြောက်ဘဲ ရှိပါရဲ့လား။

အို . . . ဟံသာမင်း၊ အကျွန်ုပ်ဟာ မရောက်လာသေးတဲ့ ကိုယ့်အသက်ဖြစ်ပုံကို 'ဘယ်လိုလဲ၊ ရှည်ရဲ့လား'လို့ မဆင်ခြင်ဘဲ မနေပါ။ (ကိုယ့်အသက် ဆက်ရှည်ရမယ့်ကံ နည်းလာတာကို သိပါတယ်) ဒါနစတဲ့ တရား (မင်းကျင့်တရား) ၁၀ ပါးမှာ ရပ်တည်ထားလို့ နောက်ဘဝကို မကြောက်ပါ။

http://www.dhammadownload.com



၁။ ဒါန = ၁၀ ပါးသော အကြောင်းရှိတဲ့ စေတနာ။
၂။ သီလ = ၅ ပါး၊ ၁၀ ပါး သီလ။
၃။ ပရိစ္စာဂ= လှူဖွယ်ကို စွန့်လွှတ်မှု။
၄။ အဇ္ဇဝ = ဖြောင့်မတ်မှု။
၅။ မဒ္ဒဝ = နူးညံ့မှု။
၆။ တပ = ဥပုသ်စောင့်သုံးမှု။
၇။ အက္ကောဓ = တိုင်းသားပြည်သူအပေါ် အမျက်မထွက်မှု၊ မေတ္တာထားမှု။
၈။ အဝိဟိံသာ = တိုင်းသားပြည်သူအပေါ် မညှဉ်းဆဲမှု၊ ကရုဏာထားမှု။
၉။ ခန္တီ = တိုင်းသားပြည်သူအပေါ် သည်းခံမှု။
၁၀။ အဝိရောဓန = တိုင်းသားပြည်သူနဲ့ မဆန့်ကျင်မှု။

အို . . . ဟသ်ာမင်း၊ အကျွန်ုပ်မှာ ဒီကုသိုလ်တရား (မင်းကျင့်တရား) ၁၀ ပါးမှာ တည်ရှိနေတာကို သိမြင်ပါတယ်။ ဒါကြောင့် အကျွန်ုပ်မှာ ပီတိဖြစ်ရပါတယ်။ ဝမ်းသာမှုအကြီးအကျယ် ဖြစ်ရပါတယ်။

(ဇာတ်၊ ၃၊ ၅၊ ၄၀၂-၃)

## ဘုရားလောင်းပညာရှိအမတ်ရဲ့စကား

အို . . . ဗြဟ္မဒတ်မင်း၊ ကိုယ့်စကားကို ပြောချိန်မရောက်

http://www.dhammadownload.com



သေးဘဲ အတိုင်းထက်အလွန် ပြောရင် ဒုက္ခရောက်ရတတ်ပါတယ်။

အလွန်ထက်တဲ့ ဓား၊ လတ်တလော သေစေတတ်တဲ့ အဆိပ်ထက် မကောင်းသဖြင့် ပြောအပ်တဲ့စကားကသာ ပိုမိုလျင်မြန်စွာ ဒုက္ခရောက်စေပါတယ်။

ဒါကြောင့် ပြောသင့်တဲ့အချိန်မှာရော မပြောသင့်တဲ့အချိန်မှာပါ စကားကို စောင့်ရှောက်ရပါတယ်။ ကိုယ်နဲ့တူတဲ့ ခွဲခြားမှုမရှိတဲ့ ပုဂ္ဂိုလ်ကိုတောင် အတိုင်းထက်အလွန် မပြောရပါ။

ဉာဏ်နဲ့စိစစ်ပြီးမှ အကျိုးကိုရယူတဲ့ ပညာရှင်ဟာ အသိဉာဏ်ကို ရှေ့တန်းတင်ပြီး ပြောသင့်တဲ့အချိန်မှာ နှိုင်းနှိုင်းချိန်ချိန် ပြောရပါတယ်။ အဲဒီလို ပြောသူဟာ ရန်သူတွေကို ကိုယ့်အလိုလိုက်လာအောင် လုပ်နိုင်တယ်။

(ဇာတ်၊ ၄၊ ၃၊ ၉၄-၅)

## တရားမဲ့တဲ့အခါ

ရှင်ဘုရင်တွေ တရားမဲ့တဲ့အခါ တောထဲက သစ်သီးငယ်၊ သစ်သီးကြီးကစပြီး အားလုံးဟာ မချိုဘဲ၊ ဩဇာမရှိဘဲ ဖြစ်သွားတယ်။

(ဇာတ်၊ ၄၊ ၃၊ ၁၀၀)

http://www.dhammadownload.com



## တရား ရှိ,မရှိ

ရှင်ဘုရင်တွေ တရားမရှိရင် ဆီ၊ ပျားရည်၊ တင်လဲ စသည်တွေရော တောထဲက သစ်မြစ်၊ သစ်သီးတွေပါ မချို ကြတော့၊ ဩဇာမရှိကြတော့၊ အဲဒါတွေသာမက တစ်နိုင်ငံ လုံးပါ ဩဇာမရှိ၊ အမှိုက်ဖြစ်တယ်။

ရှင်ဘုရင်တွေ တရားရှိရင်တော့ အဲဒီဟာအားလုံး ချိုမြိန်လာကြတယ်၊ ဩဇာရှိလာကြတယ်။ တစ်နိုင်ငံလုံး လည်း ဩဇာရှိတော့တာပါပဲ။

(ဇာတ်၊ ၄၊ ၃၊ ၁၀၁)

## ရန်သူဝမ်းသာစရာ

အို . . . ဗြဟ္မဒတ်မင်း၊ ဝမ်းနည်းလို့ ငိုကြွေးလို့ ကြီးပွားမှု ကို မရပါ။ နည်းနည်းလေးတောင် မရပါ။ ဝမ်းနည်းဆင်းရဲ နေတာကို ရန်သူတွေ သိသွားရင် ဝမ်းသာကြတယ်။ ပညာ ရှိဆိုတာ ရန်သူတွေ ဝမ်းသာစရာအကြောင်းကို မလုပ်သင့် ပါ။ (ဘုရားလောင်းပညာရှိ ကလေးငယ်ရဲ့စကား)

(ဇာတ်၊ ၄၊ ၃၊ ၁၉၁)

## မျက်နှာမပျက်ရ

ထိုထိုကိစ္စရဲ့ အဆုံးအဖြတ်မှာ ကျွမ်းကျင်တဲ့ ပညာရှိ

http://www.dhammadownload.com



ဟာ ဘေးရန်တွေတွေ့လို့ မတုန်လှုပ်ရ၊ ပညာရှိရဲ့ မျက်နှာ မပျက်တာ၊မျက်နှာအမူအရာမပြောင်းလဲတာကိုမြင်တွေ့က ရန်သူတွေမှာ ဆင်းရဲကြတယ်။

(ဇာတ်၊ ဋ္ဌ၊ ၃၊ ၁၉၁)

## ရန်သူတွေကို နိုင်အောင်လုပ်နည်း

အို . . . ဗြဟ္မဒတ်မင်း၊ ပညာရှိဆိုတာ ဘေးရန်တွေရောက် လာရင် ဝမ်းမနည်းရ၊ မပင်ပန်းရ။ မန္တာန် မန်းမှုတ်ခြင်း၊ ပညာရှိတွေနဲ့ တိုင်ပင်ကာ အကြံညာဏ်ယူခြင်း၊ ချစ်ဖွယ် စကားပြောခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ ဆွေမျိုးစပ်ပြ ခြင်းဆိုတဲ့ အကြောင်း ၅ မျိုးထဲက တစ်မျိုးမျိုးနဲ့ ရန်သူတွေ ကို အနိုင်ယူရပါတယ်။

စွမ်းနိုင်ရင် မန္တာန်ရွတ်ကာ နှုတ်ပိတ်ပြီးတော့လည်း ရန်သူတွေကို အောင်နိုင်ရပါတယ်။ အဲဒီလို မစွမ်းနိုင်ရင် ပညာရှိတွေနဲ့ တိုင်ပင်ပြီး နည်းလမ်းတစ်ခုကို မှတ်သားကာ အောင်နိုင်ရပါတယ်။ ချစ်ဖွယ်သောစကားကို ပြောနိုင်သူဟာ ချစ်ဖွယ်သောစကားကို ပြောပြီးတော့လည်း အောင်နိုင်ရပါ တယ်။ အဲဒီလို မစွမ်းနိုင်ရင် တရားဆုံးဖြတ်တဲ့အမတ်တွေ အား တံစိုးလက်ဆောင်ပေးပြီးတော့လည်း အောင်နိုင်ရပါ တယ်။ အဲဒီလို မစွမ်းနိုင်ရင် မျိုးနွယ်ကိုပြောပြီး 'ငါတို့က ဒီအမျိုးအနွယ်က လာကြတယ်၊ သင့်တို့ရဲ့ရော ငါတို့ရဲ့ပါ

http://www.dhammadownload.com



ခေါင်းဆောင်ကတစ်ယောက်တည်းပဲ’လို့ထင်ရှားရှိတဲ့အမျိုး အနွယ်ကို ဆက်စပ်ပြီးတော့လည်း အောင်နိုင်ရပါတယ်။

အဲဒီနည်း ၅ မျိုးထဲက တစ်မျိုးမျိုးနဲ့ ကိုယ့်ရဲ့တိုးပွား ကြီးပွားမှုကို ရကြောင်းနည်းနဲ့ ကြိုးစားအားထုတ်ကာ ရန်သူ တွေကို အနိုင်ယူရပါတယ်။

(ဇာတ်၊ ၄၊ ၃၊ ၁၉၁)

## သည်းခံရပါတယ်

‘ဒီအကျိုးစီးပွား တိုးပွားကြီးပွားမှုကို ငါရော သူ တစ်ပါးပါ နည်းမျိုးစုံနဲ့ ကြိုးစားပေမယ့် မရနိုင်တော့ဘူး’ လို့ သိရတဲ့အခါ ပညာရှိဟာ ဝမ်းမနည်း၊ မပင်ပန်းဘဲ ‘ငါ ရှေးက လုပ်ထားတဲ့ အမှုကို ခိုင်ခိုင်မြဲမြဲ မတားမြစ်နိုင်၊ အခု ဘာလုပ်နိုင်မှာလဲ’ လို့ တွေးကာ သည်းခံရပါတယ်။

(ဇာတ်၊ ၄၊ ၃၊ ၁၉၁)

## ရှင်ဘုရင်နဲ့ မျောက်မင်း

အို . . . ဘုရားလောင်းမျောက်မင်း၊ သင်ဟာ သင့်ကိုယ် ကို တံတားလုပ်ပြီး အသက်စွန့်ကာ ဒီမျောက်ပေါင်း ၈ သောင်းကို ဘေးကင်းရာကို ကူးသွားစေပါတယ်၊ သင်က ဒီမျောက်တွေရဲ့ ဘာပါလဲ၊ ဒီမျောက်တွေကတော သင်နဲ့ ဘာတော်စပ်ပါသလဲ။

http://www.dhammadownload.com



အို . . . ဗာရာဏသီဘုရင်၊ ငါဟာ သင်က ပစ်ခတ်ဖို့ အမိန့်ပေးထားလို့ သောကရောက်ပြီး ကြောက်နေကြတဲ့ ဒီမျောက်ပေါင်း ရှစ်သောင်းရဲ့ အကြီးအကဲ အစိုးရသူပဲ။ ဒီမျောက်အပေါင်းရဲ့ ခေါင်းဆောင်ပဲ။

အို . . . ဗာရာဏသီဘုရင်၊ ငါဟာ မတင်ရသေးတဲ့လေး အပြန်တစ်ရာပမာဏရှိတဲ့နေရာကို မိမိကိုယ်ကို ကောင်းကင်မှာ ခုန်လွှားကာ ဒီသစ်ပင်က ခုန်သွားပြီး ရောက်ရာနေရာကခါးမှာ နွယ်ကြိုးကို ခိုင်မြဲစွာချည်ကာ နောက်ခြေထောက်တွေနဲ့ မြေကြီးကိုထောက်ပြီး လေအဟုန်နဲ့ ကောင်းကင်ကို ပြေးဝင်ခဲ့ပါတယ်။

လေတိုက်ခံရတဲ့ တိမ်တိုက်ပမာ အရှိန်အဟုန်ပါတဲ့ လေနဲ့ ဒီသရက်ပင်ကို ချဉ်းကပ်ခဲ့ပါတယ်။ ခါးမှာ ချည်ထားတဲ့နေရာကို သတိမထားမိလို့ ကောင်းကင်အရပ်မှာ သရက်ပင်ကိုမရောက်၊ မမီနိုင်တဲ့အတွက် သရက်ပင်ရဲ့ သစ်ကိုင်းကို လက်နှစ်ဖက်နဲ့ ဆွဲကိုင်ခဲ့ရပါတယ်။

သရက်ကိုင်းနဲ့ ခါးကချည်ထားတဲ့ နွယ်ရဲ့ကြားမှာ စောင်းကြိုးပမာ ဆွဲချည်ထားတဲ့ ငါ့ခန္ဓာကိုယ်ကို မျောက်အပေါင်းဟာ ခြေထောက်တွေနဲ့ အကြားမရှိဘဲ နင်းသွားကာ ဘေးကင်းရာကို ရောက်သွားကြပါတယ်။

အို . . . ဗာရာဏသီဘုရင်၊ ငါဟာ ဒီမျောက်တွေရဲ့ မင်းဖြစ်လို့ သူတို့ချမ်းသာအောင် ဆောင်ရွက်ပေးပါတယ်။ မှန်

http://www.dhammadownload.com



တယ်၊ ဒီမျောက်တွေက 'သူတို့မှာ ဒုက္ခရောက်လာရင် ဒီရှင်ဘုရင်က ငါတို့ရဲ့ဒုက္ခကို ဖယ်ရှားပြီး ချမ်းသာကို ဆောင်ပေးလိမ့်မယ်'လို့ မျှော်လင့်ကာ ငါ့ကို မင်းအဖြစ် ထားရှိကြပါတယ်။ ငါကလည်း 'သူတို့ရဲ့ဒုက္ခကို ဖယ်ရှားပေးမယ်' လို့ ရည်ရွယ်ကာ သူတို့ရဲ့မင်းအဖြစ်နဲ့ နေပါတယ်။ ငါဟာ ဒီနေ့သူတို့ရဲ့သေဘေးဆင်းရဲကို ဖယ်ရှားပြီး အသက်ချမ်းသာရာရအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် ငါ့ကို ဖမ်းလို့လည်း ငါစိတ်မပူပါ၊ အသတ်ခံရလို့လည်း စိတ်ပူမှာ မဟုတ်ပါ။

အို . . . ဗာရာဏသီဘုရင်၊ ရှင်ဘုရင်ဆိုတာ ကြံကြိတ်စက်မှာ ကြံကိုကြိတ်သလို တိုင်းပြည်ကို မနှိပ်စက်ပါနဲ့၊ အဂတိ ၄ ပါး မလိုက်ပါနဲ့၊ ပေးကမ်းမှု၊ အပြောချိုသာမှု၊ အကျိုးဆောင်ရွက်မှု၊ ကိုယ်နဲ့တန်းတူထားမှုဆိုတဲ့ စည်းရုံးရေး ၄ မျိုးကို ပြုလုပ်ပါ။ မင်းကျင့်တရား ၁၀ ပါးကို ကျင့်သုံးပါ၊ မိမိရဲ့အသက်ကို ငါမျောက်မင်းလိုစွန့်ကာ ဒီတိုင်းသူပြည်သားတွေ ဘေးရန်ကင်းအောင် ဆောင်ရွက်ပါ။ နွေအခါမှာ တံခါးတွေဖွင့်ကာ ဆွေမျိုးတွေ၊ အခြံအရံတွေ ခြံရံပြီး သားသမီးတွေကို ရင်ခွင်မှာ ကစေလျက် လေအေးလေးတွေ တိုက်ခတ်ခံကြရပါစေ၊ သူတို့စည်းစိမ်ဥစ္စာတွေကို သူတို့စိတ်တိုင်းကျ သုံးဆောင်ကြကာ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုနဲ့ ပြည့်ဝကြပါစေ၊ တိုင်းသူပြည်သားအားလုံးရဲ့ ချမ်းသာ

http://www.dhammadownload.com



ကို ရှာဖွေပါ၊ တိုင်းသူပြည်သားတွေထက် အသိဉာဏ်ပညာ နဲ့ ပိုမိုပြည့်စုံပါစေ။

(ဇာတ်၊ ဋ္ဌ၊ ၃၊ ၃၅၂)

## အောင်နိုင်မှု

အောင်နိုင်ပြီး ပြန်ရှုံးတဲ့ အောင်နိုင်မှုဟာ ကောင်းတဲ့ အောင်နိုင်မှု မဟုတ်ပါ၊ အောင်နိုင်ပြီး ပြန်မရှုံးတဲ့ အောင် နိုင်မှုက ကောင်းတဲ့အောင်နိုင်မှု ဖြစ်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၉၈)

## ထိုအသံ

ရှင်ဘုရင်တွေဆိုတာ 'ငါ အောင်နိုင်ပြီ'ဆိုတဲ့ သူ တစ်ပါးတွေအသံကို မမြတ်နိုးကြ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၉၈)

## ဘုရားလောင်း ဝိဓုရပညာရှိအမတ်ရဲ့စကား

အို . . . ကောရဗျဘုရင်၊ ကိုယ့်အတွင်းလူဟောင်းကို ဖယ် ရှားပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ၊ အရေးမထားဘဲ လူသစ် ကိုသာ ချစ်မြတ်နိုး ချီးမြှောက်ရင် သောကအများကြီး ရောက်ရတတ်ပါတယ်။

(ဇာတ်၊ ဋ္ဌ၊ ၃၊ ၃၈၀)

http://www.dhammadownload.com



## ယသော်ဓရာလောင်းလျာ မိဖုရားရဲ့ဩဝါဒ

အို . . . ဗြဟ္မဒတ်ဘုရင်၊ အခြားသူတွေအား ပေးပြီးမှသာ ကိုယ်တိုင်စားပါ၊ ဒါနစတဲ့ ကောင်းမှုတွေမှာ မမေ့မလျော့ပါနဲ့၊ သင့်တော်ရာ နေရာကောင်းမှာ နေခြင်း၊ မိတ်ဆွေကောင်းတွေနဲ့ ပေါင်းသင်းခြင်း၊ ကိုယ့်ကိုယ်ကို (ကိုယ့်စိတ်ကို) ကောင်းအောင် ထားခြင်း၊ ရှေးဘဝက ကောင်းမှုပြုခဲ့ခြင်း ဆိုတဲ့ တရားစက် ၄ ပါးကို လည်အောင်လုပ်ပါ။ မှန်ပါတယ်၊ ပကတိရထားဟာ ဘီး ၂ ခုနဲ့ သွားရပါတယ်။ ဒီခန္ဓာကိုယ်ကတော့ ဒီတရားစက်ဘီး ၄ ခုနဲ့ နတ်ပြည်ကို သွားရပါတယ်။ ဒါကြောင့် တရားစက် ၄ ပါးကို 'ဓမ္မစက္က' လို့ ခေါ်ရပါတယ်။ အဲဒီတရားစက်ဘီး ၄ ခုကို လည်ပတ်အောင် လုပ်ပါ။

အို . . . ဗြဟ္မဒတ်ဘုရင်၊ အခြားဘုရင်တွေက ဆန္ဒာဂတိလိုက်ကာ တိုင်းသူပြည်သားတွေကို ကြံ့ကို ကြံ့ကြိတ်စက်မှာ ကြိတ်သလို နှိပ်စက်ပြီး ဥစ္စာကို စုဆောင်းကြကာ တရားကင်းမဲ့ကြပါတယ်။ သင်ဗြဟ္မဒတ်ဘုရင်ကတော့ အဲဒီလို တရားကင်းမဲ့တဲ့ ရှင်ဘုရင် မဖြစ်ပါစေနဲ့၊ မင်းကျင့်တရား ၁၀ ပါးကိုသာ စောင့်ရှောက်ပါ၊ မစွန့်လွှတ်ပါနဲ့။

(ဇာတ်၊ ၅၊ ၃၊ ၃၉၁)

http://www.dhammadownload.com



## ဘုရားလောင်း ကပိလရသေ့ရဲ့ဩဝါဒ

အို . . . စေတိယဘုရင်၊ လိမ်ညာပြောတယ်ဆိုတာ အပြစ်ကြီးလေးပါတယ်၊ ကောင်းဂုဏ်တွေကို ဖျက်ဆီးတတ်ပါတယ်။ အပါယ်လေးပါးကို ကျရောက်စေပါတယ်။

ရှင်ဘုရင်ဆိုတာ လိမ်ညာပြောရင် တရားကို သတ်သူမည်ပါတယ်။ တရားကိုသတ်ပြီးရင် အဲဒီရှင်ဘုရင်ဟာ ကိုယ့်ကိုယ်ကို ကိုယ်တိုင်ပဲ သတ်သည် မည်ပါတယ်။ အသတ်မခံရတဲ့တရားက ဘယ်သူ့ကိုမှ မသတ်ပါ။ ဒါကြောင့် သင်ဟာ တရားကို မသတ်ပါနဲ့၊ တရားကလည်း သင့်ကို မသတ်ပါစေနဲ့။

အို . . . စေတိယဘုရင်၊ လိမ်ညာပြောရင် စောင့်ရှောက်တဲ့ နတ်တွေက အစောင့်အရှောက်ကို စွန့်ပစ်ပြီး ဖဲသွားကြပါတယ်။ ပါးစပ်ကရော ခန္ဓာကိုယ်ကပါ အပုပ်နံ့ထွက်ပါတယ်။ ကိုယ့်ရာထူးကလည်း လျှောကျတတ်ပါတယ်။

(ဇာတ်၊ ၄၊ ၃၊ ၄၃၃)

## သံပရိုသီး၊ ခြ၊ ပျား

အို . . . ဗာရာဏသီဘုရင်၊ အခွံမာတဲ့ သံပရိုသီးကို ဓားနဲ့လှီးရင် အပေါ်ကအခွံကို အနည်းငယ်လေးတောင် မခွာက သံပရိုသီးကိုခါးအောင် လုပ်လိုက်တာပဲ၊ အပြင်က အခွံကို

http://www.dhammadownload.com



ခွာပြီး အတွင်းကအချဉ်ကို မဖယ်ထုတ်ရင် သံပုရိုသီးကို အရသာကောင်းအောင် လုပ်တာပဲ။ အခွံကို နည်းနည်း ဖယ်ထုတ်ရင် အခါးကို အကုန်မဖယ်ထုတ်လို့ အရသာ မကောင်းအောင် လုပ်တာပဲ။

အဲဒီလိုပါပဲ၊ ပညာရှိတဲ့ ရှင်ဘုရင်ဟာလည်း နိုင်ထက် စီးနင်း လုပ်လိုတဲ့ တဏှာရဲ့အလိုကို မလိုက်ဘဲ အဂတိ လိုက်တာကို ရှောင်ရှားရပါတယ်။ တိုင်းနိုင်ငံကို မနှိပ်စက် ရပါ။ ခြတွေရဲ့ တောင်ပို့ဖြစ်အောင်လုပ်နည်း၊ ပျားကောင် တွေရဲ့ဝတ်မှုံကို စုပ်ယူပြီး ပျားအုံလုပ်နည်းတွေနဲ့မင်းဘဏ္ဍာ ဥစ္စာကို စုဆောင်းရပါတယ်။ မင်းကျင့်တရား ၁၀ ပါးကို လိုက်နာကျင့်သုံးရပါတယ်။ သူတစ်ပါးကို မညှဉ်းဆဲဘဲ ကိုယ်အတွက်ရော သူတစ်ပါးတွေအတွက်ပါ ကြီးပွားတိုးတက်အောင် လုပ်ရပါတယ်။

(ဘုရားလောင်း ပညာရှိအမတ်ရဲ့စကား)

(ဇာတ်၊ ၄၊ ၃၊ ၃၀၀)

## ပဒုမ္မာကြာ

အို . . . ဗာရာဏသီဘုရင်၊ စင်ကြယ်တဲ့ရေမှာ ပေါက်တဲ့ ပဒုမ္မာကြာဟာ အရိုးဖြူတယ်၊ နေထွက်ရင် ကားကားစွင့်စွင့် ပွင့်လာတယ်၊ ရွံ့ညွန်၊ မြူမှုန်၊ ရေတွေ မလိမ်းကျံ။

http://www.dhammadownload.com



အဲဒီလိုပါပဲ၊ ရှင်ဘုရင်ဟာ တရားရှိတဲ့ ရှေးရှင်ဘုရင်တွေက ရေးခိုင်းပြီး ထားခဲ့တဲ့ အဆုံးအဖြတ်အရ စင်စင်ကြယ်ကြယ် ပြုလုပ်တယ်။ (အဂတိလိုက်တာ ကင်းပြီး တရားနဲ့အညီ ဆုံးဖြတ်တယ်)၊ နိုင်ထက်စီးနင်းပြုမှု ကင်းတယ်၊ အလုပ်စင်ကြယ်တယ်၊ အမှန်ပြောတယ်၊ ဒေါသမထွက်၊ တိုင်းသူပြည်သားတွေရဲ့ ချိန်ခွင်သဖွယ် ဖြစ်တယ်၊ အလယ်အလတ် နေတယ်၊ မကောင်းမှု ကင်းတယ်။ အဲဒီလို ရှင်ဘုရင်ကို သတ်မှု၊ ခိုးမှု၊ ကာမဖောက်ပြန်မှု၊ လိမ်ညာမှု ဆိုတဲ့ အကုသိုလ်ကံက မငြိကပ်။

(ဘုရားလောင်း ပညာရှိအမတ်ရဲ့စကား)

(ဇာတ်၊ ၅၊ ၃၊ ၄၃၃)

## ဘုရားလောင်း ပရိဗိုဇ်ရဲ့ ဩဝါဒ

အို . . . ဗြဟ္မဒတ်ဘုရင်၊ ဒေါသဖြစ်လာရင် ကိုယ့်အကျိုးစီးပွားကိုတောင်မမြင်တော့ပါ၊ သူတစ်ပါးအကျိုးစီးပွားဆိုရင် ပြောစရာမလိုတော့ပါ၊ ဒေါသမဖြစ်ရင် ကိုယ်အကျိုးကိုရော၊ သူတစ်ပါးအကျိုးကိုရော၊ မိမိ သူတစ်ပါး နှစ်ဦးသားအကျိုးကိုပါ ကောင်းကောင်းမြင်ပါတယ်။

ဒေါသဖြစ်လာရင် ကိုယ့်ရဲ့ဒုက္ခကို လိုလားကြတဲ့ ရန်သူတွေက ဝမ်းသာကြတယ်၊ ဒေါသဖြစ်လာရင် ကိုယ့်ရဲ့

http://www.dhammadownload.com



ကြီးပွားတိုးတက်ရေးကို မသိတော့၊ ဒေါသဟာ ပညာမရှိတဲ့ သူတွေရဲ့ နှလုံးသားမှာ ကျက်စားတယ်။

ဒေါသလွှမ်းမိုးခံရရင် ကုသိုလ်ကို ပယ်စွန့်တယ်၊ ကြီးကျယ်တဲ့ အကျိုးကိုတောင် ဖယ်ရှားပစ်တယ်။ ဒေါသမှာ ကြောက်မက်ဖွယ် ကိလေသာစစ်တပ်ကြီး ရှိတယ်။ ဒေါသ အားကြီးရင် မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေကိုတောင် ယူပြီး ကိုယ့် အလိုကို လိုက်အောင်လုပ်ကာ ချေဖျက်နိုင်စွမ်းရှိတယ်။

ထင်းကို မီးပွတ်နဲ့ ပွတ်တိုက်ခံရရင် မီးထတောက် တယ်၊ မီးဟာ သူထတောက်ရာထင်းကို လောင်မြိုက်တယ်။

အဲဒီလိုပါပဲ၊ မိုက်မဲတဲ့ ပညာမရှိတဲ့သူမှာ နှိမ်ချိုးရန် သူ့ထက်ကျော်အောင် လုပ်မှုကြောင့် ဒေါသဖြစ်ပေါ်လာ တယ်။အဲဒီဒေါသကြောင့်ပဲအဲဒီလူဟာပူပန်လောင်ရတယ်။

မြက်၊ ထင်းမှာ မီးဟာ တိုးပွားသလို ဒေါသတိုးပွား နေသူမှာ အခြွေအရံဟာ ယုတ်လျော့တယ်၊ ဥပမာ လဆုတ် ပိုင်းကလဟာ ဆုတ်ယုတ်လာသလိုပါပဲ။

လောင်စာမရှိတဲ့မီးလို ဒေါသငြိမ်းနေသူ (ခန္တီရှိသူ) မှာ အခြွေအရံဟာ တိုးတိုးလာပါတယ်။ ဥပမာ လဆန်းပိုင်း က လဟာ တိုးတိုးလာသလိုပါပဲ။

(ဇာတ်၊ ၅၊ ၄၊ ၂၆)

http://www.dhammadownload.com



# လိစ္ဆဝီဘုရင်တို့ ကြီးပွားကြောင်း ၇ ပါး

၁။ လိစ္ဆဝီဘုရင်တွေဟာ စည်းဝေးမှု မပြတ်မပြတ်လုပ်ရင်၊ အစည်းအဝေး များရင်။

၂။ ညီညီညွတ်ညွတ်နဲ့ စည်းဝေးကြရင်၊ ထကြရင်၊ လုပ်စရာတွေကို လုပ်ကြရင်။

၃။ မပညတ်၊ မသတ်မှတ်ရသေးတာကို မပညတ်၊ မသတ်မှတ်ရင်၊ ပညတ်ပြီးကို မပယ်နုတ်ကြရင်၊ ပညတ်သတ်မှတ်ပြီးတဲ့ ရှေးဝဇ္ဇီဥပဒေကို လိုက်နာကျင့်သုံးကြရင်။

၄။ ဝဇ္ဇီဘုရင်တွေထဲက ကြီးတဲ့ဘုရင်တွေကို ရိုသေလေးစား၊ မြတ်နိုး၊ ပူဇော်ကြရင်။ ဘုရင်ကြီးတွေရဲ့စကားကို နားထောင်ထိုက်တယ်လို့ထင်မှတ်ကြရင်။

၅။ အမျိုးသမီး ကြီး,ငယ်တွေကို ဆွဲငင် လွှမ်းမိုးပြီး မယားမလုပ်ကြရင်။

၆။ ဝဇ္ဇီနိုင်ငံရဲ့ မြို့တွင်း၊ မြို့ပြင်က နတ်ကွန်းတွေကို ရိုသေလေးစား မြတ်နိုး ပူဇော်ကြရင်၊ အဲဒီနတ်တွေအား ပေးဖူးတဲ့၊ ပြုလုပ်ဖူးတဲ့ တရားနဲ့အညီ ပူဇော်ပသမှုကို မယုတ်လျော့စေကြရင်။

၇။ ရဟန္တာစတဲ့ သူတော်ကောင်းတွေအား တရားနဲ့အညီ စောင့်ရှောက်မှု ကာကွယ်ပေးမှု၊ လုံခြုံစေမှုတွေကို

http://www.dhammadownload.com



ကောင်းကောင်းစီစဉ်ပေးကြရင်။ 'မရောက်လာသေးတဲ့ သူတော်ကောင်းတွေ ဘယ်လိုလုပ်ရင် ဒီနိုင်ငံကို လာကြမလဲ၊ လာပြီးရင် နိုင်ငံမှာ ဘယ်လိုချမ်းချမ်းသာသာ နေကြမလဲ'လို့ စီစဉ်ကြရင်။

ဝဇ္ဇီဘုရင်တွေမှာ ကြီးပွားတိုးတက်မှုကိုသာ လိုလားအပ်ပါတယ်။ ဆုတ်ယုတ်မှုကို မလိုလားအပ်ပါ။

(အံ၊ ပါဠိ၊ ၃၊ ၄၀၈)

## စည်းဝေးကြပုံ

လိစ္ဆဝီဘုရင်တွေဟာ တစ်နေ့မှာ ၃ ကြိမ် စည်းဝေးကြတယ်။ အကြားအကြားမှာလည်း စည်းဝေးကြတယ်။ 'မနေ့ကရော တမြန်နေ့ကပါ ငါတို့စည်းဝေးခဲ့ကြတယ်။ ဒီနေ့ ထပ်ပြီး ဘာအတွက် စည်းဝေးကြရမလဲ'လို့ နောက်မဆုတ်ဘဲ စည်းဝေးမှု များကြတယ်။

(အံ၊ ဋ၊ တ၊ ၁၅၁)

## မစည်းဝေးခြင်းရဲ့ အပြစ်

မပြတ်မပြတ် မစည်းဝေးကြရင် ပတ်ဝန်းကျင်အရပ်တွေက လာတဲ့သတင်းကို မကြားကြရ။ 'ဘယ်ရွာနယ်ပယ်၊ ဘယ်နိဂုံးနယ်ပယ်ဟာ ရှုပ်ထွေးနေတယ်၊ ဘယ်နေရာမှာ

http://www.dhammadownload.com



သူခိုးတွေ သောင်းကျန်းနေကြတယ်’လို့ မသိကြ၊ သူခိုးတွေကလည်း ‘ရှင်ဘုရင်တွေ မေ့လျော့နေကြတယ်’လို့ သိပြီးရွာ၊ နိဂုံးစသည်တွေကို ရိုက်ပုတ်ကာ ဇနပုဒ်ကို ဖျက်ဆီးကြတယ်။ အဲဒီနည်းနဲ့ ရှင်ဘုရင်တွေမှာ ဆုတ်ယုတ်မှု ဖြစ်တယ်။

(အံ၊ ၄၊ တ၊ ၁၅၁)

## စည်းဝေးခြင်းရဲ့ အကျိုး

မပြတ်မပြတ် စည်းဝေးကြရင် အဲဒီအခြေအနေတွေကို ကြားသိကြရတယ်။ အဲဒီကနောက် စစ်တပ်ကို စေလွှတ်ပြီး ရန်သူတွေကို နှိမ်နင်းကြရတယ်။ သူခိုးတွေကလည်း ‘ရှင်ဘုရင်တွေဟာ မမေ့မလျော့ ရှိကြတယ်၊ ငါတို့ဟာ အုပ်စုဖွဲ့ပြီး လှည့်လည်ဖို့ရာ မတတ်နိုင်’ လို့ တွေးကာ အုပ်စုခွဲပြီး ပြေးကြတယ်။ အဲဒီနည်းနဲ့ ရှင်ဘုရင်တွေမှာ တိုးပွားတိုးတက်မှု ဖြစ်တယ်။

(အံ၊ ၄၊ တ၊ ၁၅၁)

## ညီညွတ်, မညီညွတ်

စည်းဝေးဖို့ စည်လှည့်လည်တဲ့အခါ ‘ဒီနေ့ ငါ့မှာ ကိစ္စရှိတယ်၊ မင်္ဂလာရှိတယ်’လို့ အကြောင်းပြကာ ရှောင်လွှဲနေကြရင် ညီညီညွတ်ညွတ် စည်းဝေးသည်မမည်။

http://www.dhammadownload.com



စည်သံကို ကြားပြီးလျှင်ပြီးချင်း စားတုန်း၊ တန်ဆာဆင်တုန်း၊ အဝတ်ဝတ်တုန်း ပုဂ္ဂိုလ်တွေကလည်း တစ်ဝက်စားပြီး၊ တစ်ဝက်တန်ဆာဆင်ပြီး၊ အဝတ်ဝတ်ရင်းပဲ စည်းဝေးကြရင် ညီညီညွတ်ညွတ် စည်းဝေးကြသည်မည်တယ်။

စည်းဝေးပြီးသူတွေက တိုင်ပင်ကာ လုပ်ထိုက်တာကို လုပ်ပြီး တစ်ပေါင်းတည်းပဲ မထကြရင် ညီညီညွတ်ညွတ် ထကြသည်မမည်။

အဲဒီလို ထသူတွေထဲက ပထမသွားကြသူတွေမှာ 'ငါတို့ဟာ ပြင်ပစကားကိုသာ နားထောင်ခဲ့ရတယ်၊ အခု အဆုံးအဖြတ်စကား ဖြစ်လိမ့်မယ်'လို့ ထင်သွားတတ်ကြတယ်။

တစ်ပေါင်းတည်း ထကြရင်တော့ ညီညီညွတ်ညွတ် ထကြသည်မည်တယ်။

(အံ၊ ဋ္ဌ၊ တ၊ ၁၅၁)

## ညီညွတ်ကြပုံတစ်မျိုး

'ဘယ်နေရာက ရွာနယ်ပယ်၊ နိဂုံးနယ်ပယ်ဟာ ရှုပ်ထွေးနေတယ်၊ သူခိုးတွေ သောင်းကျန်းနေကြတယ်' လို့ ကြားလို့ 'ဘယ်သူသွားပြီး ရန်သူကို နှိမ်နင်းမလဲ'လို့ မေးရင် 'ငါဟာ ပထမ၊ ငါဟာ ပထမ'လို့ ပြောပြီး သွားကြရင်လည်း ညီညီညွတ်ညွတ် ထကြသည်မည်ပါတယ်။

http://www.dhammadownload.com



ရှင်ဘုရင်တစ်ယောက်ရဲ့ လုပ်ငန်းလျှောကျနေရင် ကျန်တဲ့ရှင်ဘုရင်တွေက သားတွေ၊ ညီတွေကို စေလွှတ်ပြီး ထောက်ပံ့ပေးကြတယ်၊ ငြိုသည့်ရှင်ဘုရင်ကို 'ဘယ်သူ့အိမ်ကို သွားပါ၊ ဘယ်သူ့အိမ်ကို သွားပါ'လို့ မပြောဘဲ အားလုံးတစ်ပေါင်းတည်း ချီးမြှောက်ကြတယ်။ တစ်ယောက်မှာ မင်္ဂလာကိစ္စ၊ သို့မဟုတ် အနာရောဂါ၊ သို့မဟုတ် အခြားချမ်းသာ ဆင်းရဲ ဖြစ်ပေါ်လာရင် အားလုံးပဲ အဲဒီသူထံ ကူညီဖို့သွားကြတယ်။ အဲဒီရှင်ဘုရင်တွေဟာလည်း ညီညီညွတ်ညွတ် လုပ်စရာတွေကို လုပ်ကြသူတွေမည်ပါတယ်။

(အံ၊ ၄၊ တ၊ ၁၅၂)

## ဥပဒေ

ရှေးကမလုပ်ခဲ့တဲ့ ကင်းခွန်၊ အခွန်အတုတ်၊ ဒဏ်တွေကို ဆောင်ခိုင်းရင် မပညတ်သေးတာကို ပညတ်ကြသည် မည်တယ်။ ရှေးအစဉ်အလာက လာတာကိုပဲ မဆောင်ခိုင်းရင် ပညတ်တာကို ဖြတ်တောက်ကြသည်မည်တယ်။ သူခိုးလို့ ခေါ်ယူပြီး ပြလာရင် မစုံစမ်းဘဲ ဖြတ်ဖို့ ခွဲဖို့ အမိန့်ချရင် ရှေးဝဇ္ဇီဥပဒေကို မလိုက်နာ မကျင့်သုံးသည် မည်တယ်။

(အံ၊ ၄၊ တ၊ ၁၅၂)

http://www.dhammadownload.com



# ဥပဒေကို မလိုက်နာရင်

ရှင်ဘုရင်တွေဟာ မပြည့်တ်သေးတဲ့ဥပဒေကို ပြည့်တ်ကြရင် ကင်းခွန်အသစ်စသည်ရဲ့ အနှိပ်အစက်ခံရတဲ့ လူတွေက 'ငါတို့ဟာ အလွန်ပဲ နှိပ်စက်ခံကြရတယ်၊ ဘယ်သူတွေက ဒီရှင်ဘုရင်တွေရဲ့နိုင်ငံမှာ နေကြမှာလဲ'လို့ ပြောပြီး နိုင်ငံအစွန်အဖျားကို ဝင်သွားကာ သူခိုးတွေ၊ သူခိုးတွေရဲ့ အဖော်တွေ ဖြစ်ပြီး ဇနပုဒ်ကို ညှဉ်းဆဲကြတယ်။

ရှေးက သတ်မှတ်ထားတာကို ပယ်ဖျက်ပြီး အစဉ်အဆက်ကလာတဲ့ အခွန်စသည်တွေကို မကောက်ယူကြရင် ရှင်ဘုရင်ဘဏ္ဍာတိုက်ဟာ ယုတ်လျော့သွားတယ်၊ အဲဒီက နောက် ဆင်၊ မြင်း၊ စစ်တပ်၊ မောင်းမစသူတွေဟာ ရမြဲအထောက်အပံ့ကိုမရကြလို့အားအစွမ်းအားဖြင့်ယုတ်လျော့သွားကြတယ်။ အဲဒီ ဆင် မြင်းစတာတွေဟာ စစ်မတိုက်နိုင်ကြတော့၊ မလုပ်ကျွေးနိုင်ကြတော့။

ရှေးဝဇ္ဇီဥပဒေကို မလိုက်နာ မကျင့်သုံးကြရင် နိုင်ငံက လူတွေက 'ငါတို့ရဲ့ သား၊ အဖေ၊ အစ်ကို၊ ညီကို သူခိုးမဟုတ်ဘဲ သူခိုးလုပ်ကာ ဖြတ်ခဲ့ကြတယ်၊ ခွဲခဲ့ကြတယ်' လို့ စိတ်ဆိုးပြီး နိုင်ငံအစွန်အဖျားကို သွားကာ သူခိုးတွေ၊ သူခိုးတွေရဲ့ အဖော်တွေဖြစ်ပြီး ဇနပုဒ်ကို ညှဉ်းဆဲကြတယ်။ အဲဒီနည်းနဲ့ ရှင်ဘုရင်တွေမှာ ဆုတ်ယုတ်တယ်။

(အံ၊ ၄၊ တ၊ ၁၅၂)

http://www.dhammadownload.com



# ဥပဒေ လိုက်နာရကျိုး

မပညတ်၊ မသတ်မှတ်ရသေးတဲ့ ဥပဒေကို မထုတ်ရင် 'အစဉ်အဆက်က လာတာကိုပဲ ရှင်ဘုရင်တွေက လုပ်ကြတယ်'လို့ တွေးကာ လူတွေက ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး လယ်ထွန်၊ ကုန်ရောင်းစတဲ့ အလုပ်တွေကို ပြီးအောင်လုပ်ကြတယ်၊ ထုတ်ပြီးဥပဒေကို မပယ်ဖျက်ရင် အစဉ်အဆက်က လာတဲ့ ကင်းခွန်စတာတွေကို ကောက်ယူတဲ့အတွက် ရှင်ဘုရင်ဘဏ္ဍာတိုက်မှာ တိုးပွားတယ်။ အဲဒီကနောက် ဆင်၊ မြင်း၊ စစ်တပ် မောင်းမစသူတွေက ရမြဲအထောက်အပံ့ကို ရကြလို့ အားအစွမ်းနဲ့ ပြည့်စုံကြတယ်၊ စစ်တိုက်နိုင်ကြတယ်၊ လုပ်ကျွေးနိုင်ကြတယ်။

ရှေးဝဇ္ဇီဥပဒေတွေကို လိုက်နာကျင့်သုံးလို့ လူတွေက မကဲ့ရဲ့ကြတော့၊ 'ရှင်ဘုရင်တွေဟာ ရှေးအစဉ်အလာအတိုင်း လုပ်ကြတယ်၊ အဂတိကင်းတဲ့ တရားသူကြီး၊ စစ်ဗိုလ်ချုပ်၊ အိမ်ရှေ့မင်းတွေ ချမှတ်ခဲ့တာကို ကိုယ်တိုင်လည်း ချမှတ်ကာ ရှေးအစဉ်အလာ စာအုပ်ကို အဖတ်ခိုင်းပြီး သင့်လျော်တဲ့ ဒဏ်ကိုသာ ပေးကြတယ်၊ ဒီရှင်ဘုရင်တွေမှာ အပြစ်မရှိ၊ ငါတို့မှာသာ အပြစ်ရှိတယ်'လို့ နားလည်ပြီး မမေ့မလျော့ မပေါ့မဆဘဲ အလုပ်တွေကို လုပ်ကြတယ်။ အဲဒီနည်းနဲ့ ရှင်ဘုရင်တွေမှာ ကြီးပွားတိုးတက်တယ်။

(အံ၊ ၄၊ တ၊ ၁၅၂)

http://www.dhammadownload.com



## ဩဝါဒအတိုင်း

ရှင်ဘုရင်ကြီးတွေအား ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်မှုတွေကို မပြုကြရင်၊ ဩဝါဒခံယူဖို့ သူတို့ထံ မဆည်းကပ်ကြရင် အဲဒီရှင်ဘုရင်တွေဟာ ရှင်ဘုရင်ကြီးတွေရဲ့ စွန့်လွှတ်ခြင်း၊ မဆုံးမခြင်းတို့ကြောင့် အပျော်အပါးလိုက်စားပြီး တိုင်းပြည်က လက်လွှတ်သွားကြတယ်။

အဲဒီအတိုင်း လိုက်နာကျင့်သုံးကြတဲ့ ရှင်ဘုရင်တွေကိုတော့ ရှင်ဘုရင်ကြီးတွေက 'ဒါကို လုပ်ထိုက်တယ်၊ ဒါကို မလုပ်ထိုက်'လို့ ရှေးအစဉ်အလာကို ပြောပြကြတယ်။ စစ်မြေပြင်ကို ရောက်ပြီးတော့လည်း 'ဒီလို ဝင်ရတယ်၊ ဒီလို ထွက်ရတယ်'လို့ နည်းလမ်းကို ညွှန်ပြကြတယ်။ ရှင်ဘုရင်ကြီးတွေရဲ့ ဩဝါဒကို ခံယူပြီး ဩဝါဒအတိုင်း လိုက်နာကျင့်သုံးကြသူတွေဟာ ရှင်ဘုရင်အစဉ်အဆက်ကို ထိန်းထားနိုင်ကြတယ်။

(အံ၊ ၄၊ တ၊ ၁၅၃)

## နိုင်ထက်စီးနင်း

အမျိုးသမီး, ကြီး, ငယ်တွေကို ဆွဲငင် လွှမ်းမိုးပြီး မယားလုပ်ကြရင် နိုင်ငံက လူတွေက 'ငါတို့ရဲ့အိမ်က သား၊ ညီအစ်ကိုတွေကိုရော၊ တံထွေး၊ နှပ်စသည်တွေကို ပါးစပ်နဲ့

http://www.dhammadownload.com



ဖယ်ရှားပြီး ကြီးပွားစေအပ်တဲ့ သမီးတွေကိုပါ ဒီဘုရင်တွေက နိုင်ထက်စီးနင်း ပြုမူပြီး သူတို့ရဲ့အိမ်မှာ နေစေကြတယ်' လို့ စိတ်ဆိုးပြီး တိုင်းနိုင်ငံအစွန်အဖျားကို ဝင်သွားကာ သူခိုးတွေ၊ သူခိုးရဲ့အဖော်တွေဖြစ်ပြီး ဇနပုဒ်ကို ညှဉ်းဆဲကြတယ်။

အဲဒီလို မလုပ်ရင် နိုင်ငံက လူတွေက အပူအပင်ကင်းပြီး ကိုယ့်အလုပ်တွေကို လုပ်ကြကာ ရှင်ဘုရင့်ဘဏ္ဍာတိုက်ကို တိုးပွားစေကြပါတယ်။

(အံ၊ ၄၊ တ၊ ၁၅၇)

## နတ်တွေ

တရားနဲ့အညီ ပူဇော်ပသမှုကို ယုတ်လျော့စေတဲ့ ရှင်ဘုရင်တွေမှာ နတ်တွေက အစောင့်အရှောက်ကို ကောင်းကောင်း မစီမံကြ၊ နတ်တွေက မဖြစ်ပေါ်သေးတဲ့ ဆင်းရဲကို ဖြစ်အောင် မလုပ်နိုင်ကြပေမယ့် ဖြစ်ပေါ်ပြီး ချောင်းဆိုးနာ၊ ဦးခေါင်းနာစတဲ့ ရောဂါကို တိုးပွားစေကြပါတယ်။ စစ်မြေပြင်ရောက်တဲ့အခါ ရှင်ဘုရင်တွေရဲ့အဖော် မလုပ်ကြတော့ပါ။

ပူဇော်ပသမှုကို မယုတ်လျော့စေကြရင် အစောင့်အရှောက်ကို ကောင်းကောင်း စီမံပေးကြတယ်။ မဖြစ်ပေါ်သေးတဲ့ ချမ်းသာကို ဖြစ်အောင်မလုပ်နိုင်ကြပေမယ့် ဖြစ်ပေါ်

http://www.dhammadownload.com



ပြီးတဲ့ ချောင်းဆိုးနာ၊ ဦးခေါင်းနာ စတဲ့ရောဂါကို ဖယ်ရှားပေးကြပါတယ်။ ရှေ့တန်းစစ်မျက်နှာမှာ အပေါင်းအဖော်တွေ ဖြစ်ကြပါတယ်။ (စစ်တပ်ကို ၂ဆ၊ ၃ဆ ဖြစ်အောင်ပြကြတယ်၊ ကြောက်ဖွယ်ကို ပြကြတယ်။)( ဋီကာ)

(အံ၊ ဋ၊ ဏ၊ ၁၅၄)

## ရှင်ရဟန်းတွေ

မရောက်လာသေးတဲ့ ရဟန္တာတွေ လာတာကို မလိုလားသူတွေဟာ သဒ္ဓါမရှိသူ၊ မကြည်ညိုသူတွေပဲ။ ရှင်ရဟန်းတွေကြွလာရင် ခရီးဦးမကြိုကြ၊ သွားပြီး မဖူးကြ၊ နှုတ်ဆက်စကား မဆိုကြ၊ ပြဿနာ မမေးကြ၊ တရားမနာကြ၊ အလှူ မလှူကြ၊ အနုမောဒနာတရားမနာယူကြ။ နေရာကို မစီမံကြ။ အဲဒီအခါ အဲဒီ ဘုရင်တွေမှာ ဒီလိုမကောင်းသတင်း ပျံ့လွင့်တယ်။

'အဲဒီရှင်ဘုရင်က သဒ္ဓါမရှိ၊ မကြည်ညို၊ ရှင်၊ ရဟန်းတွေ ကြွလာရင် ခရီးဦးမကြို၊ သွားပြီး မဖူး၊ နှုတ်ဆက်စကား မဆို၊ ပြဿနာ မမေး၊ တရား မနာ၊ အလှူ မလှူ၊ အနုမောဒနာတရား မနာယူ၊ နေရာကို မစီမံ။'

အဲဒီမကောင်းသတင်းကို ကြားပြီး ရှင်၊ ရဟန်းတွေက အဲဒီရှင်ဘုရင်ရဲ့ မြို့တံခါးနားက ဖြတ်သွားကြပေမယ့် မြို့

http://www.dhammadownload.com



ထဲကို မဝင်ကြ။ အဲဒီလိုနည်းနဲ့ မလာသေးတဲ့ ရဟန္တာတွေ မလာကြတော့။

လာပြီး ရှင်၊ ရဟန်းတွေမှာ ချမ်းချမ်းသာသာ မနေရရင် မသိလို့ လာမိသူတွေဟာ 'ငါတို့ နေကြမယ်လို့ တွေးပြီး လာခဲ့ကြတယ်၊ ဒီရှင်ဘုရင်တွေရဲ့ ဒီနည်းနဲ့ ဘယ်သူတွေက နေကြမှာလဲ'လို့ ပြောကာ ထွက်သွားကြတယ်။

အဲဒီလို မလာသေးတဲ့ ရှင်၊ ရဟန်းတွေ မလာကြရင်၊ လာပြီး ရှင်၊ ရဟန်းတွေမှာ ဆင်းဆင်းရဲရဲ နေကြရရင် အဲဒီအရပ်ဟာ ရှင်၊ ရဟန်းတွေရဲ့ နေရာအရပ် မဖြစ်တော့။ မဖြစ်ရင် နတ်တွေရဲ့ အစောင့်အရှောက် မရှိ။ နတ်တွေ မစောင့်ရှောက်ရင် ဘီလူး၊ တစ္ဆေသရဲတွေ အခွင့်ရနေကြတယ်။ ဘီလူး၊ တစ္ဆေ သရဲတွေ ပေါ်များရင် မဖြစ်ပေါ်သေးတဲ့ ရောဂါကို ဖြစ်ပေါ်စေကြပါတယ်။ သီလရှိတဲ့ ရှင်၊ ရဟန်းတွေကို ဖူးမြော်ခြင်း၊ ပြဿနာမေးခြင်း စသည်တို့ကြောင့် ကုသိုလ်တွေ မဖြစ်ပေါ်လာကြတော့။

အကောင်းဘက်ကိုတော့ ပြောင်းပြန်ယူရပါတယ်။

(အံ၊ ၄၊ တ၊ ၁၅၄)

## ရှင်ဘုရင် မစွမ်းနိုင်

တချို့ရှင်ဘုရင်တွေက တစ်ခါတစ်ရံ ဆင်၊ မြင်း၊

http://www.dhammadownload.com



ရထား၊ ခြေလျင်ဆိုတဲ့ အင်္ဂါ ၄ ပါးပါတဲ့ အလွန်ကြောက်မက်ဖွယ် စစ်တပ်ကို ကိုယ့်စစ်တပ်နဲ့ အောင်နိုင်ကြပါတယ်။ အဲဒီလိုရှင်ဘုရင်တွေတောင်မှ စစ်တပ်များစွာရှိတဲ့ သေမင်းရဲ့ စစ်တပ်ကို နိုင်အောင် မစွမ်းဆောင်နိုင်ကြ။ နာမှု၊ အိုမှု၊ သေမှုတွေကို မနင်းချေနိုင်ကြပါ။ (ဇာတ်၊ ဋ္ဌ၊ ၄၊ ၄၉၈)

## သေမင်းနဲ့ ဒဏ်

ရှင်ဘုရင်တွေဟာ ရှင်ဘုရင့်အပေါ် ပြစ်မှားသူတွေ၊ နိုင်ငံကို ဖျက်ဆီးသူတွေ၊ လူသားတွေကို ခိုးမှု၊ တိုက်မှုစသည်တွေနဲ့ ညှဉ်းဆဲသူတွေကို အပြစ်ကို သိပြီး အပြစ်နဲ့ သင့်လျော်တဲ့ ဒဏ်နဲ့ ဒဏ်တပ်ကြပါတယ်။ အဲဒီလို ရှင်ဘုရင်တွေတောင်မှ သေမင်းကို ဒဏ်မတပ်နိုင်ကြပါ။

(ဇာတ်၊ ဋ္ဌ၊ ၄၊ ၄၉၉)

## ဘုရားလောင်း နိုင်ငံအုပ်ချုပ်ခဲ့ပုံ

ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တယ်။ ဘုရားလောင်းက အဲဒီမင်းရဲ့ မိဖုရားခေါင်ကြီးဝမ်းမှာ ပဋိသန္ဓေယူတယ်။ မွေးလာတဲ့ခါ 'ဗြဟ္မဒတ္တမင်းသား'လို့ နာမည်မှည့်ကြတယ်။ ဘုရားအလောင်းက ၁၆

http://www.dhammadownload.com



နှစ်အရွယ်ရောက်ပြီးတက္ကသိုလ်ပြည်မှာပညာသင်ယူတယ်။ ဝေဒသုံးပုံရဲ့ တစ်ဖက်ကမ်းကို ရောက်တယ်။ ၁၈ ရပ်သော အတတ်ပညာတွေကို တတ်မြောက်တယ်။ သူ့ဖခင်က သူ့အား အိမ်ရှေ့မင်းရားထူး ပေးတယ်။

အဲဒီအချိန်က ဗာရာဏသီမြို့သူမြို့သားတွေဟာ နတ်ကြောင့် ကောင်းကျိုး ဆိုးကျိုးရတယ်လို့ ယုံကြည်ကြတယ်။ နတ်တွေကို ရှိခိုးကြတယ်၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်စတဲ့ သတ္တဝါတွေကို အများကြီးသတ်ပြီး ပန်း၊ နံ့သာအမျိုးမျိုး၊ အသား၊ အသွေးတွေနဲ့ ဗလိနတ်စာ ပူဇော်ကြတယ်။ ပသ ကြတယ်။ ဘုရားလောင်းက ဒီလိုတွေးတယ်။

'အခုအခါသတ္တဝါတွေဟာနတ်ကိုယုံကြည်ကိုးကွယ် နေကြတယ်။ တိရစ္ဆာန်တွေကို အများကြီး သတ်ကြတယ်။ လူအများစုဟာ အများအားဖြင့် မတရားမှုပဲ သက်ဝင် နေတယ်။ ငါဟာ ဖခင်ကွယ်လွန်တဲ့အခါ နိုင်ငံကိုရပြီး သတ္တဝါတစ်ကောင်ကိုတောင် မညှဉ်းဆဲဘဲ ဥပါယ်တံမျဉ် တစ်မျိုးနဲ့ သတ္တဝါတွေကို သတ်ခွင့်မပေးအံ့'။

ဘုရားလောင်းဟာ ရထားကိုစီးကာ မြို့ကထွက်သွား တဲ့အခါ ညောင်ပင်ကြီးတစ်ပင်မှာ လူအများစုဝေးပြီး ညောင် ပင်စောင့်နတ်ထံ သား,သမီး၊ အခြွေအရံ၊ ဥစ္စာစသည်တွေထဲ က အလိုရှိရာရာကို ဆုတောင်းနေတာကို မြင်သွားတယ်။ ဘုရားလောင်းက အဲဒါကိုမြင်တွေ့ပြီး ရထားကိုစီးကာ အဲဒီ

http://www.dhammadownload.com



ညောင်ပင်ကြီးဆီကို သွားတယ်။ ပန်း၊ နံ့သာတွေနဲ့ ပူဇော်တယ်။ ရေနဲ့ အဘိသိက်သွန်းလောင်းတယ်။ သစ်ပင်ကြီးကို အရိုအသေပေးတယ်။ နတ်ကို ယုံကြည်ကိုးကွယ်အားကိုးသလိုလုပ်ပြီး နတ်ကို ရှိခိုးတယ်။ ရထားကိုစီးပြီး မြို့ကို ဝင်တယ်။ အဲဒီအချိန်ကစပြီး ဒီနည်းအတိုင်းပဲ အကြားအကြားကာလမှာ ညောင်ပင်ဆီသွားကာ နတ်ကိုးကွယ်သူတွေလို ပူဇော်မှုကို ပြုလုပ်တယ်။

ဘုရားလောင်းဟာ ဖခင်ကွယ်လွန်တဲ့အခါ နိုင်ငံကို အုပ်ချုပ်တယ်။ အဂတိ ၄ ပါးကို ရှောင်တယ်။ မင်းကျင့်တရား ၁၀ ပါးကို မပျက်စီးစေဘဲ တရားနဲ့အညီ အုပ်ချုပ်တယ်။ ပြီးတော့ ဒီလိုတွေးတယ်။

'ငါ့အလိုဆန္ဒ ပြည့်ဝပြီး၊ ရှင်ဘုရင် ဖြစ်နေပြီ။ ငါ ရှေးက ကြံစည်ခဲ့တဲ့ကိစ္စတစ်ခုကို အခုပြီးမြောက်အောင် လုပ်မယ်'။

အဲဒီလိုတွေးပြီး အမတ်တွေ၊ ပုဏ္ဏား၊ သူကြွယ်စသူတွေကို စုဝေးစေကာ ဒီလိုပြောတယ်။

'အမောင်တို့၊ ငါဟာ ဘာကြောင့် ရှင်ဘုရင် ဖြစ်လာ တာကို သိကြရဲ့လား'။

'မသိကြပါ ဘုရင်မင်း'

'ငါဟာ ဟိုညောင်ပင်ကြီးကို နံ့သာစသည်တွေနဲ့

http://www.dhammadownload.com



ပူဇော်ကာ လက်အုပ်ချီပြီး ရှိခိုးတာကို သင်တို့ မြင်ဖူးခဲ့ကြတယ် မဟုတ်လား'။

'မြင်ဖူးကြပါတယ် ဘုရင်မင်း'

'အဲဒီတုန်းက ငါဟာ ရှင်ဘုရင်ဖြစ်ရင် သင်နတ်မင်းအား ပူဇော်ပါမယ်'လို့ ဆုတောင်းခဲ့တယ်။ အဲဒီနတ်မင်းရဲ့ တန်ခိုးကြောင့် ငါဟာ ရှင်ဘုရင်ဖြစ်ပြီးပြီ၊ အခု အဲဒီနတ်မင်းအားပူဇော်မယ်၊ သင်တို့အချိန်မဆွဲဘဲ မြန်မြန်နတ်မင်းကိုပူဇော်ဖို့ ပြင်ဆင်ကြ။'

'ဘုရင်မင်းမြတ်၊ အကျွန်ုပ်တို့က ဘာကိုယူကြရမှာပါလဲ'

'အမောင်တို့၊ ငါ့နိုင်ငံမှာ ငါးပါးသီလ ကျိုးပျက်သူတွေ၊ ဒုစရိုက် ၁၀ ပါး ပြုကျင့်သူတွေကို သတ်ပြီး အူ၊ အသား၊ အသွေးစသည်တွေနဲ့ ပူဇော်ပသပါမယ်လို့ နတ်မင်းအား ငါတောင်းပန်ခဲ့ပါတယ်။ ဒါကြောင့် သင်တို့ဟာ ဒီလိုပြောပြီး စည်ကိုလှည့်လည်စေကြပါ'။

'ငါတို့ရဲ့ ရှင်ဘုရင်ဟာ အိမ်ရှေ့မင်းသားဘဝတုန်းကပဲ 'ငါဟာ ရှင်ဘုရင်ဖြစ်ခဲ့ရင် ငါ့နိုင်ငံမှာ သီလမရှိသူအားလုံးကို သတ်ပြီး ပူဇော်ပသပါမယ်'လို့ နတ်မင်းအား တောင်းပန်ခဲ့တယ်။ အဲဒီရှင်ဘုရင်က အခု ငါးပါးသီလ ကျိုးပျက်သူတွေ၊ ဒုစရိုက် ၁၀ ပါး ပြုကျင့်သူတွေကို သတ်ပြီး အဲဒီ

http://www.dhammadownload.com



သီလမရှိသူတွေရဲ့ အသည်းနှလုံး၊ အသားစသည်တွေကို ယူခိုင်းကာ နတ်မင်းကြီးအား ပူဇော်ပသဖို့ လိုလားနေပါတယ်။ အဲဒီ တိုင်းသူပြည်သားတွေ သိနားလည်ကြပါ'။

အဲဒီလိုပြောပြီး 'အခုအချိန်ကစပြီး သီလမရှိသူတစ်ထောင်ကို သတ်ပြီး ယဇ်ပူဇော်ကာ ဝန်ခံချက်မှလွတ်အောင်လုပ်မယ်' လို့ ပြောတယ်။

အမတ်တွေက ဘုရားလောင်းရဲ့စကားကိုနားထောင်ပြီး 'ကောင်းပါပြီ ဘုရင်မင်းမြတ်'လို့ ပြောကာ ၁၂ ယူဇနာရှိတဲ့ ဗာရာဏသီမြို့မှာ စည်ကိုလှည့်လည်စေပါတယ်။ စည်ရဲ့အာဏာကို ကြားရပြီး သီလတစ်ခု ကျိုးပျက်သူတစ်ယောက်တောင်မှ မရှိတော့ပါ။ ဘုရားလောင်းဟာ အဲဒီလို မင်းလုပ် အုပ်ချုပ်နေသမျှ ကာလပတ်လုံး ငါးပါးသီလထဲက တစ်ပါး၊ ဒုစရိုက် ၁၀ ပါးထဲက တစ်ပါးတောင် ကျိုးပျက်သူတစ်ယောက်မှ မထင်ရှားတော့ပါ။ အဲဒီနည်းနဲ့ ဘုရားလောင်းဟာ ပုဂ္ဂိုလ်တစ်ယောက်ကိုတောင် မညှဉ်းဆဲရဘဲ တိုင်းသူပြည်သားအားလုံးကို သီလစောင့်စေပါတယ်။ ကိုယ်တိုင်လည်း ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်ပါတယ်။ သေတဲ့အခါ သူ့ပရိသတ်နဲ့အတူ နတ်ပြည်ကို ရောက်သွားပါတယ်။

(ဇာတ်၊ ဋ္ဌ၊ ပ၊ ၂၇၇)

http://www.dhammadownload.com



# အံ့ဩစရာ

ကောသလဘုရင်မင်းမြတ်၊ တရားနဲ့အညီ အမှုကိစ္စတွေကို ဆုံးဖြတ်ပေးတယ်ဆိုတာ ကုသိုလ်ပဲ။ အဲဒါဟာ နတ်ပြည်သွားလမ်းပဲ။ သင်တို့ဟာ ငါလို သဗ္ဗညုဘုရားရှင်ထံ ဩဝါဒကို ရကာ တရားနဲ့အညီ အမှုကိစ္စတွေကို ဆုံးဖြတ်တာဟာ အံ့ဩစရာ မဟုတ်ပါ။

ရှေးအခါက ရှင်ဘုရင်တွေဟာ အကုန်မသိသေးတဲ့ ပညာရှိတွေရဲ့ စကားကိုတောင် နာယူပြီး တရားနဲ့အညီ အမှုကိစ္စတွေကို ဆုံးဖြတ်ခဲ့ကြတယ်။ အဂတိ ၄ ပါးတွေကို ရှောင်ခဲ့ကြတယ်။ မင်းကျင့်တရား ၁၀ ပါးကို မပျက်စီးစေဘဲ တရားနဲ့အညီ နိုင်ငံကို အုပ်ချုပ်ခဲ့ကြတယ်။ ပြီးတော့ နတ်ပြည်ရောက်ကြတယ်။ အဲဒါကမှ အံ့ဩစရာပဲ။

(ဇာတ်၊ ဋ္ဌ၊ ဒု၊ ၁)

# ဘုရားလောင်း ပညာရှိအမတ်ရဲ့ ဩဝါဒ

အို . . . ဗြဟ္မဒတ်ဘုရင်၊ ရှင်ဘုရင်ဆိုတာ အလွန်လောဘကြီးသူ မဖြစ်ထိုက်ပါ။ သူတစ်ပါးရဲ့ ဥစ္စာကို ဖျက်ဆီးဖို့ မသင့်ပါ။

(ဇာတ်၊ ဋ္ဌ၊ ဒု၊ ၂၉)

http://www.dhammadownload.com



## ဘုရားလောင်း သိကြားမင်းရဲ့ ဩဝါဒ

အို . . . ဗာရာဏသီဘုရင်၊ သင်ဟာ နောက်ထပ် အဲဒီ တိုင်းနိုင်ငံ ၃ ခုကို ရစေဦးတော့၊ အဲဒီနိုင်ငံ ၄ နိုင်ငံမှာ ရှင်ဘုရင်လုပ် အုပ်ချုပ်တဲ့အခါ တစ်ပြိုင်နက်တည်း အဝတ် ၄ စုံ ဝတ်နိုင်ပါသလား၊ တစ်ပြိုင်နက်တည်း ရွှေခွက် ၄ ခွက်မှာ ထမင်းစားနိုင်ပါသလား၊ တစ်ပြိုင်နက်တည်း အိပ်ရာ ၄ ခုမှာ အိပ်နိုင်ပါသလား။

အို . . . ဗာရာဏသီဘုရင်၊ တဏှာအလို လိုက်သူဆိုတာ မဖြစ်သင့်ပါ။ မှန်တယ်၊ အဲဒီတဏှာဆိုတာ ပျက်စီးခြင်းရဲ့ အရင်းအမြစ်ပဲ။ တဏှာ တိုးပွားလာရင် တဏှာတည်ရှိရာ ပုဂ္ဂိုလ်ကို ငရဲကြီး ၈ ထပ်၊ ဥဿဒငရဲ ၁၆ ထပ်၊ ကျန်တဲ့ အပါယ်အမျိုးမျိုးတွေမှာ ပစ်ချပါတယ်။

(ဇာတ်၊ ဠ၊ ဒု၊ ၁၉၇)

## အဝေး ပို့ပေးကြ

ရှေးခေတ်က ရှင်ဘုရင်တွေဟာ သူတို့ရဲ့သားတွေကို 'ဒီလိုလုပ်ရင် မာနတွေ ကျိုးသွားကြလိမ့်မယ်၊ အပူ့အအေးကို ခံနိုင်ရည် ရှိလာကြလိမ့်မယ်။ လောကအကျင့်စာရိတ္တကို သိနားလည်လာကြလိမ့်မယ်' လို့ တွေးပြီး ကိုယ့်နိုင်ငံမှာ ဒိသာပါမောက္ခဆရာ ရှိပေမယ့်လည်း အတတ်ပညာသင်ယူဖို့ရာ အဝေးမှာ တိုင်းတစ်ပါးကို ပို့လွှတ်ကြတယ်။

(ဇာတ်၊ ဠ၊ ဒု၊ ၂၅၃)

http://www.dhammadownload.com



## မိုးရွာအောင်

ရှေးရှေးက ရှင်ဘုရင်တွေဟာ မိုးမရွာရင် ဘာကို လုပ် ကြပါသလဲ။

ရှေးက ရှင်ဘုရင်တွေဟာ မိုးမရွာရင် အလှူပေးပြီး ဥပုသ်စောင့်ကာ သီလဆောက်တည်ပြီး ကျက်သရေရှိတဲ့ အိပ်ခန်းကို ဝင်ကာ သစ်သားအခင်းပေါ်မှာ ၇ ရက် အိပ် ကြတယ်။ အဲဒီအခါ မိုးဟာ ရွာလာတယ်။

(ဇာတ်၊ ၄၊ ဒု၊ ၃၃၁)

## ရန်သူကို အောင်နည်း ၄ ပါး

မှန်ကန်စွာ စကားကို ပြောဆိုမှု၊ 'ဒီလိုလုပ်ရင် ဒီ အကျိုး ဖြစ်လိမ့်မယ်'လို့ စူးစမ်းတတ်တဲ့ပညာ၊ မပြတ်မလတ် ကြိုးစားမှု၊ မိမိကိုယ် စွန့်လွှတ်မှု၊ ဒီတရား ၄ ပါး ရှိသူဟာ ရန်သူကို လွှမ်းမိုးနိုင်တယ်။ (ဇာတ်၊ ၄၊ ပ၊ ၂၉၇)

## ၃ ပါး တစ်နည်း

ရောက်လာတဲ့ဘေးရန်ကို ချေဖျက်ဖို့ သိတဲ့ပညာနဲ့ ယှဉ်တဲ့ ဝီရိယမြတ်၊ ရဲရင့်မှု (မကြောက်မှု)၊ ပညာရဲ့အနီး ကပ် အကြောင်းဖြစ်တဲ့ နည်းလမ်းသိမြင်မှု၊ ဒီတရား ၃ မျိုးရှိသူဟာ ရန်သူကို လွှမ်းမိုးနိုင်တယ်။

(ဇာတ်၊ ၄၊ ပ၊ ၃၀၀)

http://www.dhammadownload.com



## သူတို့ဓမ္မတာ

သိကြပေမယ့် မသိသူတွေလို မေးကြတာဟာ မင်းမျိုးတွေရဲ့ ဓမ္မတာပဲ။

(သီ၊ ဌ၊ ၁၃၈)

## ရှင်ဘုရင်နဲ့အသံ

ရှင်ဘုရင်တွေဆိုတာ အသံမှာ မွေ့လျော်ကြတယ်။

(သီ၊ ဌ၊ ၁၃၇)

## ရန်သူပေါတယ်

ရှင်ဘုရင်တွေဆိုတာ ရန်သူများတယ်။

(သီ၊ ဌ၊ ၁၃၄)

## ရှင်ဘုရင်နဲ့ အိမ်ရှေ့

ရှင်ဘုရင်ကို ရှိခိုးပြီး အိမ်ရှေ့မင်းသားကိုလည်း ရှိခိုးရင် ရှင်ဘုရင်အား မရိုမသေပြုရာရောက်တယ်။

(သီ၊ ဌ၊ ၁၄၀)

## ရှင်ဘုရင်ဟူသည်

ရှင်ဘုရင်ဆိုတာ ကိုယ့်ရဲ့အစိုးရမှု စည်းစိမ်းနဲ့

http://www.dhammadownload.com



တောက်ပတဲ့ တင့်တယ်တဲ့ပုဂ္ဂိုလ်ပါပဲ။ ပေးကမ်းမှု၊ အပြော ချိုသာမှု၊ အကျိုးဆောင်ရွက်ပေးမှု၊ ကိုယ်နဲ့တန်းတူထားမှု ဆိုတဲ့ စည်းရုံးနည်း ၄ မျိုးနဲ့ တိုင်းသူပြည်သား လူအများ ကို နှစ်သက်စေတတ်တဲ့ တိုးပွားစေတတ်တဲ့ ပုဂ္ဂိုလ်ပါပဲ။

(သီ၊ ဌ၊ ၁၃၈)

## စကြဝတေးမင်းရဲ့ ဩဝါဒ

၁။ သူ့အသက် မသတ်ရ။

၂။ သူ့တစ်ပါး မပေးတာ မယူရ။

၃။ ကာမဂုဏ်တွေမှာ ဖောက်ဖောက်ပြန်ပြန် မကျင့်ရ။

၄။ လိမ်ညာမပြောရ။

၅။ သေရည်၊ အရက်၊ မူးယစ်ဆေးဝါး မသုံးစွဲရ။

၆။ သုံးစွဲမြဲအတိုင်း သုံးစွဲကြ။

(ပါထိက၊ ပါဠိ၊ ၅၁)

## အထင်မသေးရ

အခြေအရံရှိတဲ့ ရှင်ဘုရင်ကို 'ငယ်တယ်' ဆိုပြီး အထင်မသေးရ၊ မလွှမ်းမိုးရ၊ တိုင်းပြည်အုပ်ချုပ် ရှင်ဘုရင် လုပ်တဲ့အခါ စိတ်ဆိုးရင် မင်းဒဏ်နဲ့ ပြင်းပြင်းထန်ထန် ဒဏ်ခတ်တတ်တယ်။ ဒါကြောင့် ကိုယ့်အသက်ကို စောင့်

http://www.dhammadownload.com



ရှောက်လိုသူဟာ ရှင်ဘုရင်ကို ရှောင်ရပါတယ်။ ထိခိုက်အောင် မလုပ်ရပါ။

(သံယုတ်ပါဠိ၊ ပ၊ ၆၉)

## နိုင်ငံအမှတ်အသား

တိုင်းနိုင်ငံရဲ့ ထင်ရှားကြောင်း အမှတ်အသားက ရှင်ဘုရင်ပဲ။

(သံယုတ်ပါဠိ၊ ပ၊ ၆၉)

## တင့်တယ်တယ်

ရှင်ဘုရင်ဟာ ရွှေ၊ ပတ္တမြားတွေနဲ့ ဆန်းကြယ်တဲ့ အဝတ်တန်ဆာအားလုံးနဲ့ ဘန်ဆာဆင်ပြီး ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်နဲ့ ခြံရံထားမှသာ တင့်တယ်တယ်။ မထင်မရှားအသွင်နဲ့ ရပ်တည်ရင် မတင့်တယ်။

(ဓမ္မပဒ၊ ဋ၊ ဒု၊ ၃၉၆)

## ယဉ်ကျေးမှု

ရှင်ဘုရင်ဟာ ဆင်ယာဉ်၊ မြင်းယာဉ်နဲ့ သွားရင် ယဉ်ကျေးတဲ့ ဆင်၊ မြင်းကိုသာ တက်စီးတယ်။

(ဓမ္မပဒ၊ ဋ၊ ဒု၊ ၃၀၉)

http://www.dhammadownload.com



# ဖြည်းဖြည်း

အဘိသိက်သွန်းခံထားတဲ့ ရှင်ဘုရင်ဟာ အဆင်တန်ဆာအားလုံး တန်ဆာဆင်ပြီး ခါးတောင်းကျိုက်ကာ မင်းရင်ပြင်မှာ ပြေးသွားရင် မတင့်တယ်။ ဒီရှင်ဘုရင်ဟာ သူကြွယ်လိုပဲ ပြေးသွားတယ်လို့ သေချာပေါက် အကဲ့ရဲ့ခံရမယ်၊ ဖြည်းဖြည်းသွားမှသာ တင့်တယ်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၄၆)

သာမဏေကျော်
ပြာသိုလပြည့်ကျော် ၉ ရက်၊ ၆၄ ခု၊
၂၆-၁-၂၀၀၃